# မြန်မာနိုင်ငံအတွင်း ထုံးကျောက်၊ ရွှေ နှင့် ခဲမဖြူ သတ္တုတွင်းလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း

## အစီရင်ခံစာအနှစ်ချုပ်နှင့် အကြံပြုချက်များ



Myanmar Centre for Responsible Business

IHRB

Myanmar Centre for Responsible Business

THE DANISH INSTITUTE FOR HUMAN RIGHTS

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ကို ယူကေ အခြေစိုက် Institute for Human Rights and Business (IHRB) နှင့် ဒိန်းမတ် အခြေစိုက် Danish Institute for Human Rights (DIHR) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၃ ခုနှစ်တွင် ဖွဲ့စည်းကာ ရန်ကုန်တွင် အခြေစိုက်ဖွင့်လှစ်ထားပါသည်။ ရန်ပုံငွေများကို ပြည်ပအစိုးရ အလှူရှင်များမှ ထောက်ပံ့ပေးထားပါသည်။ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းအလေ့အထများ ဖြစ်ပေါ်လာစေရန် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများအကြား အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်းများ ဖန်တီးရန်အတွက် လမ်းကြောင်း (Platform) တစ်ခု ပေါ်ထွန်းလာစေရန် ရည်ရွယ်ပါသည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆိုသည်မှာ နိုင်ငံတကာ စံသတ်မှတ်နှုန်းများကို အခြေခံ၍ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုတို့ဖြင့် မြန်မာပြည်သူ၊ ပြည်သားများ၏ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများအား လုပ်ဆောင်ခြင်းကို ဆိုလိုပါသည်။

မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) ၊ Institute for Human Rights and Business (IHRB) နှင့် Danish Institute for Human Rights (DIHR) တို့၏ မူပိုင်ဖြစ်ပါသည်။ မတ်လ ၂၀၁၈ MCRB၊ IHRB နှင့် DIHR တို့က ထုတ်ဝေပါသည်။

မူပိုင်ခွင့်-အစီရင်ခံစာတွင်ပါရှိသည့် အကြောင်းအရာများကို လွတ်လပ်စွာထုတ်နုတ်၊ ကူးယူအသုံးပြုရန် MCRB၊ IHRB နှင့် DIHR တို့က ခွင့်ပြုထားပါသည်။ အစီရင်ခံစာကို ရယူရန်အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချုပ်သို့ ဆက်သွယ်နိုင်သည်။ အစီရင်ခံစာအား ပြန်လည်ထုတ်ဝေခြင်းနှင့် ဘာသာပြန်ခြင်းအတွက် MCRB၊ IHRB နှင့် DIHR ၏ ခွင့်ပြုချက်ကို ရယူရန် လိုအပ်ပါသည်။

## ကျေးဇူးတင်လွှာ

MCRB ကို အဓိက ရန်ပုံငွေထောက်ပံ့ပေးသည့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသော ဒိန်းမတ်၊ အိုင်ယာလန်၊ နယ်သာလန်၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့်ယူကေ အစိုးရတို့အား အထူးပင် ကျေးဇူး တင်ရှိပါသည်။

ကွင်းဆင်း သုတေသနပြုလုပ်ရာတွင် ပူးပေါင်းပါဝင်ခဲ့ကြသော မြန်မာပြည်တစ်ဝှမ်းမှ မိတ်ဖက်အဖွဲ့ အစည်းများ၊ ၂၀၁၆ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည့် SWIA အစီရင်ခံစာမူကြမ်း အားဆွေး နွေးညှိနှိုင်းသည့်ပွဲတွင် ပါဝင်အားဖြည့်ပေးခဲ့ကြသော အဖွဲ့အစည်းများကို အထူးပင် ကျေးဇူးတင်ရှိပါသည်။ သုတေသနပြုလုပ်ရန် အစီအစဉ်များနှင့် ကနဦးတွေ့ရှိချက်များအပေါ် အကြံပြုမှုများအတွက် အကြံပေးအဖွဲ့တွင် ပါဝင်ကြသူများဖြစ်သည့် David Allan၊ Charlotte Bisley၊ ဒေါ်ဒေဂီသန့်ဇင်၊ Jack Jenkins Hill၊ Emma Irwin၊ ဦးစိန်မြင့်၊ John Sykes ၊ Richard Taylor ၊ ဦးသိန်းလွင်၊ Cristina Villegas ၊ Guy Williams and ဦးဇော်ဝင်း တို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

၂၀၁၅/၁၆ ခုနှစ်အတွင်း သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးခဲ့ကြသည့် ပြည်ထောင်စုအစိုးရနှင့် အထူးသဖြင့် သတ္တုတွင်းဦးစီးဌာန၊ တိုင်းဒေသကြီးအစိုးရများဖြစ်သော ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကယားပြည်နယ်အစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

ပဋိပက္ခအား ဘက်ပေါင်းစုံမှ ရှုမြင်မှု (Conflict Dimensions ) မူကြမ်းအတွက် ထောက်ပံ့ကူညီမှုနှင့် အကြံပြုချက်များအတွက် Peace Nexus Foundation နှင့် Dr Richard Horsey တို့အား အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် မူကြမ်းအစီရင်ခံစာတွင် အသုံးဝင်သော အကြံပြုချက်များ ပေးခဲ့ကြသည့် Gabriela Factor ၊ Francesca Castellani ၊ Lorenzo Cotula နှင့် Gillian Cornish တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ MCRB ၏ သတ္တုတွင်းကဏ္ဍ SWIA ကွင်းဆင်းသုတေသန အဖွဲ့မှ အောင်ကျော်စိုးနှင့် ခင်မို့မို့မြင့်တို့၏ ခေါင်းဆောင်မှုဖြင့် သုတေသီများဖြစ်ကြသော မာဂရက်ဟန်၊ လှိုင်မင်းဦး၊ ခင်ပြည့်ပြည့်နှင့် သက်နိုင်ဦး တို့အား အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။

ဤအစီရင်ခံစာကို ရေးသားခဲ့ကြသော ဒိန်းမတ် အခြေစိုက် Danish Institute for Huma n Rights (DIHR) မှ Nora Götzmann ၊ Elin Wrzoncki နှင့် MCRB မှ Ida Jøker Krog နှင့်အတူ ဗစ်ကီ ဗိုးမန်း နှင့် အောင်ကျော်စိုး၊ အရေးကြီးသော အကြောင်းအရာများကို မျှဝေခဲ့သော MCRB မှ Donna Guest ၊ ယူကေအခြေစိုက် Institute for Human Rights and Business (IHRB) တို့မှ Margaret Wachenfeld ၊ Tulika Bansal နှင့် DIHR မှ Allan Lerberg Jørgensen တို့ကို အထူးပင် အသိအမှတ်ပြု ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ သုတေသနလုပ်ငန်းများအတွက် အထောက်အပံ့များကို ပံ့ပိုးပေးခဲ့သော Kelly Matthews ၊ Linnea Kristiansson ၊ Elizabeth Arnott နှင့် Lukas Bogner ၊ DIHR ၏ အလုပ်သင်များ၊ Anders Planck-Hendriksen နှင့် Gemma Wardle ၊ MCRB ၏ အလုပ်သင်များနှင့် Process Mapping အတွက်ကူညီပေးခဲ့သော Consultant တစ်ဦးဖြစ်သူ Liya Mo တို့အား အထူးပင် ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

ဤ SWIA အစီရင်ခံတွင်ပါရှိသည့် တွေ့ရှိချက်အားလုံးနှင့် အကြံပြုချက်များမှာ မိတ်ဖက်အဖွဲ့အစည်းများ၏ တာဝန်သာ ဖြစ်ပါသည်။

## မာတိကာ

ပေါ်ဟာရနှင့် အတိုကောက် စကားလုံးများစာရင်း ........ ၄
ဇယားကွက်များစာရင်း ........ ၅
အစီရင်ခံစာ  အနှစ်ချုပ် ........ ၉

အပိုင်း (၁) နိဒါန်း ........ ၂၂
အပိုင်း (၂) မြန်မာနိုင်ငံရှိ သတ္တုတွင်းကဏ္ဍ ........ ၃၂
အပိုင်း (၃) ဥပဒေရေးရာနှင့် မူဝါဒရေးရာ မူဘောင်များ ........ ၄၆
အပိုင်း (၄) ကဏ္ဍအဆင့် သက်ရောက်မှုများ ........ ၇၆

**အပိုင်း (၅) ဆက်စပ်သက်ရောက်မှုနှင့် စီမံကိန်းအဆင့် သက်ရောက်မှုများ ........ ၁၁၀**
အပိုင်း (၅.၁) ဒေသခံများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် ထိခိုက်မှုများ၊
စိုးရိမ်မှုများအား ဖော်ထုတ်ဖြေရှင်းခြင်း နည်းလမ်းများ ........ ၁၁၄
အပိုင်း (၅.၂) ဒေသရပ်ရွာလူထုအား သက်ရောက်မှု နှင့် ဖွံ့ဖြိုးမှု ........ ၁၂၄
အပိုင်း (၅.၃) မြေယာ ........ ၁၃၄
အပိုင်း (၅.၄) အလုပ်သမား ........ ၁၄၆
အပိုင်း (၅.၅) အမျိုးသမီးနှင့် ကလေးများ ........ ၁၆၈
အပိုင်း (၅.၆) ပဋိပက္ခဖြစ်ပွားမှုနှင့် လုံခြုံရေး ........ ၁၈၂
အပိုင်း (၅.၇) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ဝန်ဆောင်မှုများ ........ ၁၉၄

**အပိုင်း (၆) ဒေသအလိုက် အုပ်ချုပ်မှုစနစ်နှင့် ပဋိပက္ခအား သုံးသပ်ခြင်း ........ ၂၀၆**

**အပိုင်း (၇) အကြံပြုချက်များ**

အပိုင်း (၇.၁) နိုင်ငံတော် အစိုးရသို့ အကြံပြုချက်များ ........ ၂၁၆
အပိုင်း (၇.၂) သတ္တုတွင်းကဏ္ဍရှိ ကုမ္ပဏီများသို့ အကြံပြုချက်များ ........ ၂၂၅
အပိုင်း (၇.၃) တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသို့
အကြံပြုချက်များ ........ ၂၃၂
အပိုင်း (၇.၄) အရပ်ဘက်အဖွဲ့အစည်းများသို့ အကြံပြုချက်များ ........ ၂၃၄
အပိုင်း (၇.၅) တခြားသော အစိုးရများအတွက် အကြံပြုချက်များ ........ ၂၃၆

နောက်ဆက်တွဲ (က). SWIA လုပ်ဆောင်ပုံနည်းအဆင့်ဆင့်၏ နောက်ဆက်တွဲ သတင်း
အချက်အလက်များ ................................................................. ၂၃၈

**နောက်ဆက်တွဲများ ( သီးခြား စာရွက်စာတမ်းများကို www.mcrb.org.mm တွင် ရနိုင်ပါသည်)**
သတ္တုတွင်း ကဏ္ဍပေါ်တွင် ပတ်ဝန်းကျင်နှင့် လူမှုရေးအပေါ် သက်ရောက်မှုများနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံ၏ အဓိက ဥပဒေများ။
မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသော မိတ်ဖက်အဖွဲ့အစည်းများ၏ ကနဦး လုပ်ဆောင် နေသော လုပ်ငန်းများ။
ကွင်းဆင်းသုတေသနများလုပ်စဉ်တွင် ပါတ်သက်ဆက်နွယ်သူများ၏ အင်တာဗျူးများ။

## အစီရင်ခံစာ အနှစ်ချုပ်

မြန်မာနိုင်ငံအတွင်း ထုံးကျောက်၊ ရွှေ၊ ခဲမဖြူ သတ္တုတွင်းလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက် လေ့လာဆန်းစစ်ခြင်း (SWIA) တွင် သဘာဂပတ်ဂန်းကျင်၊ ဒေသခံ ရပ်ရွာအသိုင်းအဝိုင်း နှင့် အလုပ်သမားများအပေါ် ကျရောက်သည့် သက်ရောက်မှုများအား ပိုင်းခြားစိတ်ဖြာ သုံးသပ်ထားပါသည်။ ၎င်းတွင် ကဏ္ဍအဆင့် သက်ရောက်မှုများ၊ ဆက်စပ် သက်ရောက်မှုများနှင့် စီမံကိန်းအဆင့် သက်ရောက်မှုများကို တရားဂင်နှင့် တရားမဂင် သတ္တုတွင်းလုပ်ငန်း နှစ်ရပ်လုံးကို လေ့လာဆန်းစစ် ထားပါသည်။ အကြံပြုချက်များကို မြန်မာအစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် တခြားသော ပါတ်သက် ဆက်နွယ် သူများသို့ သတ္တုတွင်းကဏ္ဍရှိ ဆိုးကျိုးသက်ရောက်မှုများကို မည်သို့ ရှောင်ရှားနိုင်မည်၊ ဖြေရှင်း ဆောင်ရွက်နိုင်မည်နှင့် ကောင်းကျိုးသက်ရောက်မှုများကို မည်သို့ တိုးမြှင့်လုပ်ဆောင်နိုင်မည်ဆိုသည့် အကြံပြုအချက်များ ထည့်သွင်းထားပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်း လေ့လာဆန်းစစ်ချက်များမှ ရရှိသည့် အဓိက တွေ့ရှိချက်များကိုဖော်ပြကာ ခိုင်မာသည့် အကြံပြုချက်များကြောင့် မြန်မာ့သတ္တုတွင်း လုပ်ငန်းကဏ္ဍ၏ ဆင်းရဲနွမ်းပါးမှု လျော့ချရေးနှင့် ဖွံ့ဖြိုးရေးကဏ္ဍအတွက် ပံ့ဖော်ပေးနိုင်မည့် စကားဝိုင်းနေရာတစ်ခုကို ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း များစွာသောဓါတ်သတ္တုများကြွယ်ဝစွာတည်ရှိနေပြီး စက်မှု တွင်းထွက် ကုန်ကြမ်းပစ္စည်းများနှင့် ကျောက်များ၊ သတ္တုများ၊ ကျောက်စိမ်းနှင့် ကျောက်မျက် ရတနာများ၊ ကျောက်မီးသွေးနှင့် ယူရေနီယံကဲ့သို့သော စွမ်းအင်အရင်းအမြစ်များပါဝင်ပါသည်။ ဓါတ်သတ္တုများကို မြန်မာနိုင်ငံအတွင်းမှ ကာလရှည်ကြာစွာ ထုတ်ယူခဲ့ပြီးဖြစ်သော်လည်း နိုင်ငံ၏ ဘူမိအနေအထားများကို မသိရှိရသေးပါ။ လုပ်ငန်းကဏ္ဍ၏ ဝိသေသမှာ ခေတ်မီနည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ အကန့်အသတ် ရှိနေခြင်းဖြစ်ပြီး ထိုရင်းနှီးမြှုပ်နှံမှုအများစုမှာ မြန်မာကုမ္ပဏီများ၏လုပ်ငန်းများဖြစ်ပြီး အချို့မှာ နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း ဆောင်ရွက်၍ အများစုမှာ တရားမဝင်သော သို့မဟုတ် လိုင်စင်မရှိသော လုပ်ငန်းများဖြစ်ကြ ပါသည်။

ယေဘုယျအားဖြင့် ကဏ္ဍအလိုက်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း၏ တွေ့ရှိချက် အချို့မှာ သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍအတွင်း သဘာဂပတ်ဝန်းကျင်၊ လူမှုရေး ဆိုင်ရာနှင့် လူ့အခွင့်အရေးများကို ကာကွယ်မှု အနည်းငယ်ကိုသာတွေ့ရှိရပြီး အများစုမှာ ညံ့ဖျင်းသည့် အလေ့အထများသာကျင့်သုံးနေသည်ကို တွေ့ရှိခဲ့ရပါသည်။ အကြီးစားသတ္တုတွင်း လုပ်ငန်းများ၌ပင်လျှင် ထိုကဲ့သို့ ညံ့ဖျင်းသည့် အလေ့အထများကျင့်သုံးလျက်ရှိပြီး ကောင်းမွန် သည့် အလေ့အထမှာ အနည်းငယ်သာရှိသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတစ်ဂှမ်းရှိ ဓါတ်သတ္တုတူး

ဖော်ထုတ်လုပ်ရေး လုပ်ငန်း အသီးသီးမှ သဘာဂပတ်ဂန်းကျင်နှင့် လူ့အခွင့်အရေးအပေါ် ကျရောက်သည့် ကျယ်ပြန့်သော ဆိုးကျိုး သက်ရောက်မှုများကို မှတ်တမ်းပြုခဲ့ပါသည်။ ဤလက်တွေ့အခြေအနေက မြန်မာ့သတ္တုတွင်း လုပ်ငန်းအပေါ် ပြည်သူလူထု၏ ရှုမြင်ပုံများကို ဆိုးဝါးသွားစေခဲ့ပါသည်။ ဆိုလိုသည်မှာ အကယ်၍ မြန်မာ့သတ္တုတွင်း လုပ်ငန်းသည် နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက် အပြုသဘောပံ့ပိုးပေးမည့် လုပ်ငန်းအဖြစ်သို့ ပြောင်းလဲ တိုးတက်လာစေရန် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် အရေးပါသည့် အဆင့်များ ဆောင်ရွက်ရန် လိုအပ်ပြီး လက်ရှိဆိုးကျိုး သက်ရောက်မှုများကို ဖြေရှင်းပေးရန်၊ ကောင်းမွန်သော အလေ့အထများ ကျင့်သုံးလာရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ကိုင်တွယ်ဖြေရှင်းရမည့် အဓိကစိန်ခေါ်မှု ငါးရပ်ကို အောက်တွင် ဖော်ထုတ်ထားပါသည်။

**ကဏ္ဍအလိုက်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းက ဓါတ်သတ္တုထုတ်လုပ်မှု ကွင်းဆက်အတွင်း ထုံးကျောက်၊ ရွှေနှင့် ခဲမဖြူ** စမ်းသပ်တိုင်းတာခြင်း နှင့် ထုတ်လုပ်ခြင်း အဆင့်များကို အဓိကလေ့လာထားပါသည်။ ဤသတ္တုအမျိုးအစားများကို ရွေးချယ်ရခြင်းမှာ ၂ မန်မာ့ဓါတ်သတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၏ ဝင်ငွေမှာ အဓိကအားဖြင့် ကျောက်စိမ်းနှင့် ေ ကျာက်မျက် ထုတ်ယူခြင်းမှရရှိနေသည့်အပြင် အခြားသော ဓါတ်သတ္တု တူးဖော်ထုတ်လုပ်ခြင်းများမှာလည်း ဖွံ့ဖြိုးလာနေသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ကျောက်စိမ်းနှင့် ကျောက် မျက် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းအတွင်း သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေး များအပေါ် သက်ရောက် မှုများအား ပြည်တွင်းနှင့် နိုင်ငံတကာကပါ သိသိသာသာ အာရုံစို က်မှုကို ခံလာရပါ သည်။ သို့သော် အခြားသော ဓါတ်သတ္တုအမျိုးအစားများ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းရှိ သက်ရောက်မှုများကိုမူ တူညီသည့် စစ်ဆေးလေ့လာမှုများ မရှိသေးပါ။

၎င်းဓါတ်သတ္တု သုံးမျိုးအတွက် ကဏ္ဍအလိုက်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းတွင် တရားဂင် လုပ်ငန်းများ (တရားဝင်ခွင့်ပြုထားသည့် အကြီးစားနှင့် အသေးစား သတ္တုတွင်း လုပ်ငန်းများ) ကို ထည့်သွင်းစဉ်းစားထားသကဲ့သို့ တရားမဂင် (လက်လုပ်လက်စား ဓါတ်သတ္တု တူးဖော် ထုတ်လုပ်ရေး) လုပ်ငန်းများနှင့် အဆိုပါနစ်မျိုးလုံးနှင့်ဆက်နွယ်သည့် ကဏ္ဍများ၏ ဆက်စပ်သည့် သက်ရောက်မှုများ ကိုလည်း ထည့်သွင်းစဉ်းစားပါသည်။ တရားဝင်မဟုတ်သော လုပ်ငန်းကဏ္ဍများမှ ယုံကြည်လောက်သော ခိုင်မာသည့်အချက်အလက်များ မရရှိနိုင်သော်လည်း MCRB ၏ ကွင်းဆင်းသုတေသနပြုလုပ်ခြင်းနှင့် အခြားရင်းမြစ်များအရ အထက်ပါ ဓါတ်သတ္တု သုံးမျိုးအတွက် တရားဝင်မဟုတ်သော လုပ်ငန်းကဏ္ဍများ၏ အစိတ်အပိုင်းက ကြီးမားသည်ကို ညွှန်ပြနေပါသည်။ တရားဝင်မဟုတ်သောလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် တိုးမြင့်လာသော ၎င်း၏ တရားဝင်ဖြစ်မှုအလားအလာများက ကဏ္ဍအလိုက် သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း အတွင်း အရေးကြီးသော ဆွေးနွေးချက်များအဖြစ် ရှိနေပြီး မြန်မာ့ဓါတ်သတ္တုတွင်း လုပ်ငန်း

ကဏ္ဍအတွက် ရှေ့ဆက် စကားဝိုင်းများနှင့် လုပ်ငန်းများပြုလုပ်ရန် အချက်များအနေဖြင့် ပါဝင်နေပါသည်။

ကဏ္ဍအလိုက်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းက စီမံကိန်းအဆင့် သက်ရောက်မှုကို အသေးစိတ် အကဲဖြတ်လေ့လာဆန်းစစ်ခြင်းထက်ပိုလွန်၍ စီမံကိန်းအဆင့်၊ ဆက်စပ်သက်ရောက်မှုအဆင့် နှင့် လုပ်ငန်းကဏ္ဍ အဆင့်ဆိုပြီး အဆင့်သုံးဆင့်ကို လေ့လာဆန်းစစ်ထားပါသည်။ ဆိုလိုသည်မှာ သတ္တုတွင်းလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းက သတ္တုတူးဖော်ရေး လုပ်ငန်းများ၊ သတ္တုတွင်းလုပ်သားများ နှင့် လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်သည့် လုပ်ဆောင်ချက်များကို ဖော်ထုတ်သကဲ့သို့ ကဏ္ဍတစ်ခုလုံး၏ သက်ရောက်မှုများနှင့် လူ့အခွင့်အရေး အခြေအနေများကိုလည်း အကဲဖြတ် ဖော်ထုတ်ထားပါသည်။ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိုခိုက်မှုဆန်းစစ်လေ့လာချက် (ESIA)၏ လုပ်ဆောင်ပုံအဆင့်ဆင့်အတိုင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့် အလုပ်သမားဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းညွှန်အခြေခံမှုများကဲ့သို့ အမိက နိုင်ငံတကာ မူဘောင်များနှင့်အညီ ရေးဆွဲ ပြုလုပ်ထားပါသည်။ ကဏ္ဍအလိုက်သက်ရောက်မှုများအား ဆန်းစစ်လေ့လာခြင်း၏ သုတေသန လုပ်ငန်းများကို သတင်းအချက်အလက်၊ စာရွက်စာတမ်းနှင့် မှတ်တမ်းများအားလေ့လာခြင်း နှင့် ကွင်းဆင်းလေ့လာခြင်းများအပေါ် အခြေခံ၍ ၁၂ လကျော်ကြာကာလအတွင်း ဒေသ ၈-ခုရှိ ဓါတ်သတ္တု တူးဖော်ထုတ်လုပ်ရေး လုပ်ငန်း ၄၁ ခု နှင့် ပါတ်သက်ဆက်နွယ်သူ ၁၃၇၈ ဦးတို့ကို တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခြင်းနှင့် ရန်ကုန်တွင် အများပြည်သူနှင့် ဆွေးနွေးညှိနှိုင်းပွဲ နှစ်ကြိမ်ပြုလုပ်ခြင်းတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ကွင်းဆင်းသုတေသနတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်း၊ အလုပ်သမားများ၊ ကျပန်းလုပ်သားများ၊ ဒေသခံလူထုများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အခြားသော ပါတ်သက်ဆက်နွယ်သူများကို တွေ့ဆုံမေးမြန်းခြင်းများပါဝင်ပါသည်။

## မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော သတ္တုတူးဖော်ရေးလုပ်ငန်းများဖြစ်လာရန်အတွက် အဓိက စိန်ခေါ် မှု ငါးရပ်မှာ-

### ၁။ သတ္တုတွင်းလုပ်ငန်းနှင့်ဆက်နွယ်သည့် မူဝါဒများ၊ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများမှာ ရှင်းလင်းမှုမရှိခြင်းနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဖြစ်လာစေရန် အဟန့်အတားများ ရှိနေခြင်း။

လက်ရှိ ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများပြင်ဆင်သည့်လုပ်ငန်းစဉ်များတွင် ဥပဒေဆိုင်ရာ အခင်းအကျင်းမှာ အလျင်အမြန်ပြောင်းလဲလျက်ရှိပြီး သတ္တုတွင်းလုပ်ငန်းကဏ္ဍအတွက်လည်း အလားတူ ပြောင်းလဲမှုများ ရှိပါသည်။ ၎င်းအခြေအနေက ဆက်စပ်သည့် မသေချာမှုများကို ဖန်တီးပေးသည်။ အသစ်ရေးဆွဲထားသော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများမှာ လိုက်လျော

ညီထွေကိုက်ညီမှုမရှိပေ။ ဥပဒေတစ်ခုနှင့်တစ်ခုကြား ကိုက်ညီမှုများ အားနည်းခြင်းနှင့် တစ်ခါ တစ်ရံတွင် တောင်းဆိုမှုများသည် ဆန့်ကျင်လျက်ရှိနေခြင်း သို့မဟုတ် ကွဲလွဲမှုများ ရှိနေခြင်းများပင် ဖြစ်နေတတ်ပါသည်။

ဥပမာအားဖြင့် ဓါတ်သတ္တုလုပ်ငန်းများနှင့် ရေထွက်ရှိသည့် အရင်းအမြစ်များအကြား ခွင့်ပြု ပေးနိုင်မည့် အကွာအဝေးအတွက် ၂၀၁၂-ခုနှစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ဖော်ပြထားသော ပြည်ထောင်စုအဆင့် လိုအပ်ချက်များနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်က ခွင့်ပြုပေးနေမှုတို့အကြား ကွဲပြားနေသည်ကို ကွင်းဆင်းသုတေသနပြုရာ၌ တွေ့ရှိခဲ့ပါသည်။ သတ္တုတွင်း နည်းဥပဒေများနှင့် ပတ်ဂန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း တို့အကြားတွင်လည်း ကွဲလွဲချက်များ ရှိနေပါသည်။

ထို့အပြင် ဓါတ်သတ္တုစီမံကိန်းများအပေါ် ကြီးကြပ်စစ်ဆေးရမည့် တာဝန်များမှာ လက်ရှိဥပဒေများ နှင့် ပြဌာန်းချက်များအရ ရှင်းလင်းမှုမရှိပါ။ ဥပမာအားဖြင့် ဓါတ်သတ္တုတူးဖော်ထုတ်လုပ်သည့် စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင် အခြေအနေများအပေါ် ကြီးကြပ်စစ်ဆေးရန်အတွက် မည်သည့်အစိုးရအာဏာပိုင်က တာဝန်ရှိ သည် ဆိုသည့်အပေါ် ရှင်းလင်းမှုမရှိပါ။ ထိုသို့လစ်ဟာမှု များနှင့် ကွဲလွဲမှုများက ကြီးကြပ်ရမည့် အစိုးရဌာနများအတွက် ပြဿနာတစ်ရပ်ဖြစ်သလို ပြဌာန်းချက်တစ်ရပ်က ချမှတ်ပေးထားသည့် သတ်မှတ်ချက်များအတိုင်း ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများ အတွက်လည်း ပြဿနာ တစ်ရပ် ဖြစ်ပါသည်။

ဓါတ်သတ္တုတူးဖော် ထုတ်လုပ်သူများက မည်သည်ကို အတိအကျလိုက်နာရမည်ဆိုသည်နှင့် ပတ်သက်၍ သယံဇာတနှင့် သဘာဂပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MoNREC) ထံမှ လမ်းညွှန်ချက်များ အားနည်းနေသည်ကိုလည်း ကွင်းဆင်းသုတေသနအရ တွေ့ရှိခဲ့ပါသည်။ ရှင်းလင်းသည့်လမ်းညွှန်ချက် မရှိသောကြောင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် အုပ်ချုပ်သူများ၊ ကုမ္ပဏီများအတွက် ဓါတ်သတ္တုလုပ်ငန်းများတွင် ကျင့်သုံးရမည့် စံနှုန်းများနှင့် ပတ်သက်၍ သေချာသော အခြေအနေ တစ်ခုရရှိရန် ခက်ခဲပါသည်။ ပြည်ထောင်စုအဆင့်ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို အခြေခံထားခြင်းမရှိသည့်အပြင် လိုအပ်သည်ဟု မထင်ရ သော်လည်း ဓါတ်သတ္တုလုပ်ငန်း ကုမ္ပဏီများမှ (အထူးသဖြင့် စမ်းသပ်တိုင်းတာခြင်း ကာလ အတွက်) မြို့နယ်အဆင့်တွင် လိုက်နာရမည့် အချက်များစွာ ရှိနေသည်ကို ကွင်းဆင်း သုတေသန အရ တွေ့ရှိခဲ့ရပါသည်။ အချို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆင့်မြင့် အရာရှိကြီးများက တရားဝင် အခွင့်အာဏာရှိမနေပဲ သို့မဟုတ် ရှင်းလင်းသော အကြောင်းပြချက်ရှိမနေပဲ ခွင့်ပြုချက်ကို တားမြစ်ခြင်းများ ရှိနေပါသည်။ အချို့သောကိစ္စရပ်များတွင် အတိတ်ကဖြစ်ရပ်များ ကြောင့် ဓါတ်သတ္တုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရန်ကြောက်ရွံ့ခြင်း သို့မဟုတ် ခွင့်ပြုချက် ပေးခြင်းအပေါ် တာဝန်ယူရန်ကြောက်ရွံ့ ခြင်းများ ဖြစ်လာစေပါသည်။

ဤအစီရင်ခံစာတွင်မှတ်တမ်းပြုထားသည့် မြန်မာ့သတ္တုလုပ်ငန်း၏ ကျယ်ပြန့်သော အနုတ်သဘော သက်ရောက်မှုများကို နားလည်သဘောပေါက်နိုင်သကဲ့သို့ လုပ်ငန်းဆောင်ရွက်သူများအတွက် မသေချာ မှုများကိုလည်း ဖြစ်ပေါ်စေပါသည်။ ၎င်းတို့တွင် ယခင်ကမြန်မာနိုင်ငံကို ရှောင်ကြဉ်ခဲ့သည့် နိုင်ငံခြားကုမ္ပဏီများပါဝင်ပြီး လုပ်ငန်းကဏ္ဍအတွင်းသို့ အလေ့အထကောင်းများ ယူဆောင်လာရန်၊ လုပ်ငန်းကဏ္ဍအတွက် စံသတ်မှတ်ချက်များ မြင့်တင်ပေးရန် လိုအပ်နေပါသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေးအခြေအနေများနှင့် လိုက်လျောညီထွေ စွာဖြင့် ငွေကြေးအရ သင့်တင့်လျောက်ပတ်မှုရှိသော လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဓါတ်သတ္တု လုပ်ငန်း ကုမ္ပဏီများအတွက် ရှင်းလင်းသော၊ သေချာသော ဥပဒေပြဋ္ဌာန်းချက်များနှင့် သတ်မှတ်ချက်များ လိုအပ်ပါသည်။ အစိုးရမူဝါဒနှင့် အတည်ပြုမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများက ရှင်းရှင်းလင်းလင်းမရှိသည့်အတွက် ပြည်နယ်/တိုင်းဒေသကြီး အသီးသီးနှင့် မြို့နယ်များအကြား ကွဲလွဲမှုအဆင့်မြင့်မားနေစေပြီး စီမံအုပ်ချုပ်မှု စရိတ်နှင့် အကျင့်ပျက်ချစားနိုင်သည့် အန္တရာယ်လည်း မြင့်မားလျက်ရှိပါသည်။ ကုမ္ပဏီများအတွက် ခွင့်ပြုချက်ပေးသည့် လုပ်ငန်းစဉ်များ ကို စီစဉ် ရေးဆွဲနိုင်ခြင်းမရှိသလို ပြည်ထောင်စုအဆင့်ရှိ သတ္တုတွင်း လုပ်ငန်းအား စီမံ အုပ်ချုပ်သူများက ထိရောက်စွာ ခြေရာခံ လိုက်နိုင်ခြင်းလည်း းမရှိသေးပါ။

မသေချာ၊ မရေရာသော ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းကမ်းများက တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဓါတ်သတ္တုလုပ်ငန်းအလေ့အထများဖြစ်လာရန် နှောင့်နှေး စေမှုများ သိသိသာသာ ဖြစ်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေနှင့် တာဝန်ယူမှုရှိသော ဓါတ်သတ္တု လုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လိုပါက၊ အတိတ်ပြဿနာများကို ဖြေရှင်းဆောင်ရွက် လိုပါက ၂၀၁၅-ခုနှစ် ဥပဒေတွင်ပါရှိသည့် အခြေခံအားနည်းချက်များကို ကြည့်ရှုလေ့လာပြီး အမျိုးသားအဆင့် ဓာတ်သတ္တုသယံဇာတမူဝါဒတစ်ခု လိုအပ်သည်ဟု တွေးစပြီး၊ စတင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါမည်။ ၎င်းကိုလုပ်ဆောင်ရာတွင် ၁၉၉၄-ခုနှစ်နှင့် ၂၀၁၅-ခုနှစ် သတ္တုတွင်းဥပဒေများကဲ့သို့ မဟုတ်ဘဲ ဆန်းသစ်သော သတ္တုတွင်းဥပဒေကို ရှိနှင့်ပြီးသား ခေတ်စနစ်နှင့်ညီသည့် ဥပဒေပုံစံများအတိုင်း မူကြမ်းရေးဆွဲရန် လိုအပ်ပါသည်။

တစ်ချိန်တည်းမှာပင် အစိုးရအနေနှင့် ဓါတ်သတ္တုလုပ်ငန်းများအတွက် ဆီလျော်သည့် ဥပဒေများနှင့် ပြဋ္ဌာန်းချက်များကို ကိုက်ညီရန်ချိန်ညှိပေးခြင်းကို အလျင်အမြန် ဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ လိုအပ်ချက်များကို ပြည်နယ်/တိုင်းဒေသကြီးနှင့် မြို့နယ်အဆင့်အာဏာပိုင်များ၊ ဓါတ်သတ္တုလုပ်ငန်း ဆောင်ရွက်သူများနှင့် အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူများထံသို့ ရှင်းလင်းစွာ ဆက်သွယ်အသိပေး ရန်လည်း လိုအပ်နေပါသည်။

## ၂။ သတ္တုတွင်းလုပ်ငန်းမှ သဘာဂပတ်ဝန်းကျင်၊လူမှုရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ သက်ရောက်မှုများ အားစောင့်ကြည့်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းရန် တာဂန်ရှိသည့်အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်မှာ အကန့်အသတ်ရှိနေခြင်း။

အစိုးရနှင့်ကုမ္ပဏီ နှစ်ဦးနှစ်ဖက်လုံးတွင် သတ္တုတွင်းစီမံကိန်းများနှင့် လုပ်ငန်းများ၏ ဆိုးကျိုး သက်ရောက်မှု များကို ထိရောက်စွာ စောင့်ကြည့်ကြီးကြပ်၊ ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းပညာ စွမ်းဆောင်ရည်နှင့် လူ့စွမ်းအားအရင်းအမြစ် အားနည်းမှုများရှိနေကြောင်း တွေ့ရှိရပါသည်။ ၎င်းတွင် အောက်ပါ အချက်များပါဝင်သည် -

- အကျိုးဆက်များကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းရန် တာဝန်ရှိသည့် အစိုးရ ဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းများတွင် နည်းနာအတတ်ပညာနှင့် ဆိုင်သည့် စွမ်းဆောင်ရည် ပိုင်းကွာဟချက်များ၊
- အဆိုပါလုပ်ငန်းများအတွက် ဝန်ထမ်းလုံလောက်မှုမရှိခြင်း၊
- ထိရောက်သော စောင့်ကြည့်လေ့လာမှုပြုလုပ်နိုင်ရန် လိုအပ်သည့်ကိရိယာများမရှိခြင်း နှင့်
- သတင်းအချက်အလက်မှတ်တမ်းယူရန်၊ သတင်းဖြေရာခံရန်နှင့် ပြန်လည်တုံ့ပြန်ရန်အတွက် ထိရောက်သော စီမံခန့်ခွဲမှုစနစ်များမရှိခြင်း။

ဥပမာအားဖြင့် ကဏ္ဍအလိုက်သက်ရောက်မှုများအားလေ့လာဆန်းစစ်ခြင်း ကွင်းဆင်းသုတေသန အတွက် ရောက်ရှိ ခဲ့သည့် ကုမ္ပဏီများအနက်မည်သူ့တွင်မျှ လူထုဆက်ဆံရေးလုပ်ငန်းအတွက် လုပ်ဆောင် ချက်များ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရေးဆိုင်ရာ ဖြစ်ရပ်များအား အစီရင်ခံခြင်း အတွက် စနစ်ကျသော စီမံခန့်ခွဲမှုစနစ်များ သို့မဟုတ် ပတ်ဝန်းကျင်စောင့်ကြည့်ရေး မဟာဗျူဟာနှင့် အလေ့အထများရှိ မနေကြပါ။ အစိုးရပိုင်းတွင် သတ္တုတွင်း လုပ်ငန်းများနှင့် အကျိုးဆက်များကို စောင့်ကြည့် ကြီးကြပ်နိုင်မည့် စွမ်းဆောင်ရည်မှာ အကန့်အသတ်ရှိနေပြီး သီးခြားကိစ္စရပ်များအပေါ် (ဆိုလိုသည်မှာ ပတ်ဝန်းကျင် ဆိုင်ရာ၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ၊ အလုပ်သမား ဆိုင်ရာ စံနှုန်းများ) စောင့်ကြည့်ကြီးကြပ်ရန်အတွက် တာဝန်ဝတ္တရားများ ရှင်းလင်းမှုမရှိခြင်းက ပိုမိုဆိုးဝါး စေပါသည်။ တရားမဝင် သတ္တုလုပ်ငန်း ကဏ္ဍများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) ထိန်းချုပ်ထားသည့် ဒေသများရှိ လုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းနေရာများတွင် ထိရောက်သော စောင့်ကြည့်ကြီးကြပ်မှု လုံးဝမရှိခြင်းမှာ ပိုမိုဆိုးဝါးနေခြင်းဖြစ်ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များက သတ္တု လုပ်ငန်းများတွင် ထုတ်လုပ်မှုဆိုင်ရာ၊ ဘဏ္ဍာရေး စီစဉ်ထားရှိမှုဆိုင်ရာကိစ္စများတွင် များစွာ ပါဝင်ထိန်းချုပ် ထားသော်လည်း ၎င်းလုပ်ငန်းများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများသတ်မှတ်ပေးခြင်း၊ ၎င်းစံနှုန်းများအတိုင်း ဆောင်ရွက်ခြင်းနှင့် အကျိုးဆက်များကို စောင့်ကြည့်လေ့လာခြင်းမှာ အနည်းငယ်ပင် တွေ့ရှိရပါသည်။

ESIA လုပ်ငန်းစဉ်နှင့် ESIA လုပ်ငန်းပံ့ပိုးသူများ၏ စွမ်းဆောင်ရည်အကန့်အသတ်များကိုလည်း အရေးကြီး ကိစ္စရပ်အဖြစ် သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ ကဏ္ဍအလိုက်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း၏ အစိတ်အပိုင်းအဖြစ် ESIA အစီရင်ခံစာများကို ပြန်လည်ဆန်းစစ်ခြင်းနှင့် အဆိုပါအစီရင်ခံစာများ ရေးသားသည့်လုပ်ငန်းစဉ်များအပေါ် ကွင်းဆင်းသုတေသန ပြုလုပ်ခြင်း

အဖြစ် ဆန်းစစ်ခြင်းနစ်ခုလုံးအရ ဒေသခံ ESIA အတိုင်ပင်ခံပုဂ္ဂိုလ်များ၏ သိသာသည့် အားနည်းချက်များကို တွေ့ရှိခဲ့ပါသည်။ အထူးသဖြင့် ၂၀၁၅-ခုနှစ် EIA လုပ်ထုံးလုပ်နည်းတွင် ရှင်းလင်းသော လူမှုရေးဆိုင်ရာ သက်ရောက်မှုများလိုအပ်ကြောင်း ထည့်သွင်းထားသော်လည်း ESIA များရှိ "လူမှုရေးဆိုင်ရာ" ရှုထောင့်များကို လွှမ်းခြုံမှုက "ပတ်ဝန်းကျင်ဆိုင်ရာ" ရှုထောင့် များနှင့် နှိုင်းဆပါက များစွာ အားနည်း နေပါသည်။ ယနေ့ထိဆောင်ရွက်နေသော ESIA များ၏ အစိတ်အပိုင်းဖြစ်သည့် ဆွေးနွေးညှိနှိုင်းမှုများနှင့် ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် အကန့် အသတ်များစွာရှိနေသည်ကို သက်သေပြနေပါသည်။ ဥပမာ ပံ့ပိုးသော သတင်း အချက်အလက်က ပါဝင်တက်ရောက်သူများနားလည်နိုင်ရန် ပညာရပ် ဆန်လွန်းခြင်းနှင့်/ သို့မဟုတ် ဆွေးနွေးညှိနှိုင်းပွဲများကို ဒေသဘာသာစကား(များ)ဖြင့် ဆောင်ရွက်မှု မပြုခြင်း။

ESIA များနှင့် ဆက်နွယ်သည့် စီမံခန့်ခွဲမှုအစီအစဉ်များကို သတ္တုတွင်းလုပ်ငန်းများရှိ ဆိုးကျိုး သက်ရောက်မှုအပေါ် အဓိပ္ပါယ်ပြည့်ဝစွာ ကိုင်တွယ်ဖြေရှင်းနိုင်မည့် အထောက်အကူများကို ဆောင်ရွက်မည် ဆိုပါက ESIA များ၏ လက်ရှိအားနည်းချက်များကို အထူးသဖြင့် ဒေသခံ ဝန်ဆောင်မှု ပံ့ပိုးပေးသူများက ဦးတည်ဖြေရှင်းပေးရမည်ဖြစ်သည်။ ဒေသခံ ESIA ပံ့ပိုး ပေးသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ESIA များနှင့် ဆက်နွယ်သည့် စီမံခန့်ခွဲမှု အစီအစဉ်များကို ဆန်းစစ်ရန်တာဝန်ရှိသည့် အစိုးရဌာနဆိုင်ရာပုဂ္ဂိုလ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများကို ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နေသည့် မိတ်ဖက်အဖွဲ့များက ကူညီထောက်ပံ့ရန်မှာ ဦးစားပေး ကဏ္ဍဖြစ်ပါသည်။

## ၃။ ဓါတ်သတ္တုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ ထိခိုက်မှုများ ဒေသခံများအပေါ် သက်ရောက်ခြင်း။

ဓါတ်သတ္တုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော ရှောင်လွဲလို့မရနိုင်သည့်၏ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို လျော့ချနိုင်ရေးအတွက် လုပ်ဆောင်ရာတွင် ကုန်ကျမှုများလဲ ရှိပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ထုံကျောက်၊ ရွှေ နှင့် ခဲမဖြူ တူဖော်ရေး တရာဝင် တူးဖော်ရေး ကဏ္ဍပင်လျင် ထိုလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုး သက်ရောက်မှုများကို ဓါတ်သတ္တုတူးဖော်ရေး လုပ်ငန်းဆောင်ရွက်သူများက ခံစားကျခံရခြင်းမရှိပဲ ယင်းဒေသရှိ ဒေသခံ နှင့် သဘာဝ ပတ်ဝန်းကျင်ကသာ သက်ရောက် ခံစားနေရပါသည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအတွင်း တရားဝင် ဓါတ်သတ္တုတူးဖော်ရေး လုပ်ငန်းများသည် အထူးသဖြင့် ဓါတ်သတ္တုစျေးနှုန်းများကျသည့် အခါမျိုးတွင် အမြတ်အစွန်းရရှိမှု နည်းပါးပါသည်။ အခြားသော ကုန်ကျစရိတ်များ ဖြစ်သည့် လိုင်စင်ကြေး၊ အခွန်များ၊ တူးဖော်ရေးမြေနေရာ ငှာရမ်းစရိတ်၊ နှင့် အခြား ဌာနဆိုင်ရာ အဆင့်ဆင့် လုပ်ဆောင်ရပြီး မခန့်မှန်းနိုင်သော လိုင်စင်ခွင့်ပြုချက် ရရှိရေး အတွက် သုံးစွဲရသော စီမံခန့်ခွဲဆိုင်ရာ  ကုန်ကျစရိတ်၊ စသော ကုန်ကျ စရိတ်များသည် ကြီးမားပါသည်။ ယင်းကုန်ကျစရိတ်များ အပြင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များထိန်းချုပ်ထားသော နေရာများ၌ အစိုးရ လုံခြုံရေး အဖွဲ့များများ သို့ ပေးရခြင်း၊ သို့

မဟုတ် လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့အား ပေးရခြင်း စသည့် မှန်းဆရ ခက်ခဲသော အခြေအနေများ နှင့် ဒေသရှိ သက်ဆိုင်ရာ ဌာနများ ကို တရားမဝင်ပေးချေရခြင်း နှင့် ယင်းတို့ထံမှ တောင်းဆိုမှုများကြောင့် သတ္တုတွင်းတူးဖော်ရေး ကုန်ကျစရိတ်မှာ ပိုမိုများပြားနေခြင်းဖြစ်ပါသည်။

အကယ်၍ မြန်မာအစိုးရ အနေဖြင့် ဓါတ်သတ္တုလုပ်ငန်းကဏ္ဍထမ်မံဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပါက ဓါတ်သတ္တုတူးဖော်ရေး လုပ်ဆောင်ရာတွင် ဖြစ်ပေါ်လာမည့် အကျိုးအပြစ်များကို မည်သို့မည်ပုံ ရင်းနှီးမြုပ်နှံသူတို့က တာဝန်ယူကျခံစေမည် ဆိုသည်ကို ပြန်လည် ဆန်းစစ်သင့်ပါသည်။ ဤဓါတ်သတ္တု တူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ရေးဆိုင်ရာ သက်ရောက်မှု အကျိုးအပြစ်များကို ပြန်လည် ဆန်းစစ်ပြီး လုပ်ငန်းအနေဖြင့် ပြန်လည်ထိန်းညှိပေးရန် လိုအပ်နေပါသည်။ ဤသို့ လုပ်ဆောင်ခြင်းအားဖြင့် သတ္တုတွင်းလုပ်ငန်းဆောင်ရွက်သူများက သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်ရာ တွင်ကောင်းမွန်ပြီး ရေရှည်တည်တံ့တဲ့သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေး ဆိုင်ရာ သက်ရောက်မှုများကိုပါ ထည့်သွင်းအလေးထားလုပ်ဆောင်မည့် တာဝန်ယူမှုရှိသော ရင်းနှီးမြုပ်နှံမှုအလေ့အကျင့်များကို ကျင့်သုံးစေနိုင်မှာဖြစ်ပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် အတွက် သတ္တုတွင်းလုပ်ငန်းဆိုင်ရာ စံနှုန်းများကို သတ်မှတ်ပြဌာန်း၍၊ ယင်းသတ္တုတွင်း လုပ်ငန်းဆိုင်ရာ လိုင်စင်ကြေး၊ အခွန်နှင့် အခြားအဖိုးအခများ ပေးချေရမည့် စနစ်များကို သင့်တော်သလို ပြောင်းလဲပြီး ဆွဲဆောင်မှုရှိသော သတ္တုတွင်းတူးဖော်ရေး ကဏ္ဍရင်းနှီးမြုပ်နှံမှု အခြေအနေ ကောင်းတစ်ခုဖန်တီးသင့်ပါသည်။ ဤသို့ချဉ်းကပ်မှုသည် လက်ရှိသတ္တုတွင်း လုပ်ငန်းအနေဖြင့် သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများအတွက် ဥပဒေများအတိုင်း စည်းစနစ်ကျကျ တာဝန်ယူ လိုက်နာ လုပ်ဆောင်ရမည့်ဆိုပါက စီးပွားရေးအရ တွက်ချေကိုတော့မည် မဟုတ်သည်ကို သိရှိနားလည်ထားရမည် ဖြစ်ပါသည်။ ထို့အပြင် လက်လုပ်လက်စား သတ္တုတွင်းလုပ်ငန်းများ ရေရှည်တည်တံ့နိုင်မှု နှင့် ထိုလုပ်ငန်းများကို တရားဝင်လုပ်ကိုင်နိုင်ရေး အကြောင်းအရာများကို မေးခွန်းထုတ် စဉ်းစားစေမည် ဖြစ်သည် ( နောက်ပိုင်းတွင် ထပ်မံ ဖော်ပြထားပါသည်)။ အကျိုးအမြတ်ခွဲဝေခြင်းပါဝင်သည့် သတ္တု သယံဇာတ ဆိုင်ရာ မူဝါဒ ရေးဆွဲခြင်းသည် အဆိုပါ အကြောင်းရာများကို ပြန်လည် ဆန်းစစ်စေသည့်အပြင် ကျယ်ပြန့်၍ ရေရှတည်တံ့သော သတ္တုတွင်းလုပ်ငန်း ကဏ္ဍဖွံ့ဖြိုး လာစေလျက် ယင်းသတ္တုတွင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာသော အကျိုးအပြစ်များကို ပြန်လည် ထိန်းညှိ မှုဝေ သက်ရောက်စေမှာ ဖြစ်ပါသည်။

## ၄။ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ သတ္တုလုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုစနစ်မှာ လွန်စွာပြဿနာ ရှိနေခြင်း။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ထိန်းချုပ်ထားသည့် ဒေသများ၊ သို့မဟုတ် ခိုင်မာသော EAO ရှိနေသည့်ဒေသများရှိ ဓါတ်သတ္တုလုပ်ငန်းများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ညံ့ဖျင်းစွာ စီမံအုပ်ချုပ် လျက်ရှိသည် (အပိုင်း ၅.၆။ ပဋိပက္ခနှင့် လုံခြုံရေး အခန်း-၆ တွင် ထပ်မံကြည့်ရှုပါ)။ အထက်တွင်ဖော်ပြခဲ့သည့် အတိုင်း ဤဒေသများရှိ လုပ်ငန်းလည်ပတ်မှုများက

တရားဝင်နှင့် တရားမဝင် ပေးချေရမှုများ၊ လာဘ်ပေးလာဘ်ယူမှုများဖြင့် ရှုပ်ထွေးယှက်နွယ် လျက်ရှိနေပါသည်။ ယိုယွင်းနေသော ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူ့အခွင့်အရေးဆိုင်ရာ အလေ့အထများမှာ ဖြစ်ရိုးဖြစ်စဉ်ပင် (ဥပမာ - လက်လုပ်လက်စား ရွှေကျင်ခြင်းတွင် ဘေးကင်းရေးကို ထည့်သွင်းစဉ်းစားခြင်းမရှိပဲ ပြဒါးကို အသုံးပြုခြင်း)။ ဤဒေသများရှိလုပ်ငန်းလည်ပတ်မှုအပေါ် EAO ၏ စီမံအုပ်ချုပ်မှုက သတ္တုထုတ်လုပ်ရေး နှင့် ဘဏ္ဍာရေးစီစဉ်ဆောင်ရွက်မှုအပေါ်သာ အဓိကအာရုံစိုက်ပြီး ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးအပေါ် အနည်းငယ်သာ အာရုံစိုက်ပါသည်။ ထိုအချက်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် EAO များက ၎င်းတို့၏သက်ဆိုင်ရာ ဒေသများရှိ ပတ်ဝန်းကျင်နှင့် လူမှုရေးကာကွယ်စောင့်ရှောက်မှုအတွက် တာဝန်ရှိသည်ဆိုသည့်အပေါ် ရှင်းလင်းစွာ လက်ခံသည်နှင့် ကွဲပြားသည့် အခြေအနေ ဖြစ်နေပါသည်။

ငြိမ်းချမ်းရေးစကားဝိုင်းအတွင်း EAO များနှင့်အခြားသူများက တင်သွင်းဆွေးနွေးသော်လည်း ပြေလည်မှု မရရှိသေးသည့်ကိစ္စတစ်ရပ်မှာ ဘဏ္ဍာငွေခွဲဝေရေးဖြစ်သည်။ ဓါတ်သတ္တုစီမံကိန်းများ၊ လုပ်ငန်းများနှင့် ဆက်စပ်သည့်အကျိုးဆက်အများစုကို ၎င်းလုပ်ငန်းတည်ရှိရာ ဒေသ၌သာ ကြုံတွေ့ရသည့်အတွက် ရရှိသည့် အကျိုးအမြတ်များက ဒေသခံများထံ ပိုမိုရောက်ရှိရမည်ဖြစ်သည်။ နိုင်ငံတကာ အတွေ့အကြုံများအရ ဒေသခံများအတွက် အမှန်တကယ် အကျိုးကျေးဇူးများ ခွဲဝေပေးခြင်းအပြင် အစိုးရ၏ စွမ်းဆောင်ရည်အကန့်အသတ် ရှိနေသည့် အခြေအနေများ၌ ဒေသတွင်း အကျိုးအမြတ်ခွဲဝေခြင်းမှ ရလဒ်အမျိုးမျိုး ရှိနေကြောင်း တွေ့ရှိရသည်။ အနာဂတ်ဖက်ဒရယ်နိုင်ငံ၏ အစိတ်အပိုင်းအဖြစ် ဘဏ္ဍာငွေခွဲဝေရေး စီစဉ်ထားရှိမှု များအပေါ် အထူးဂရုပြုရန် လိုအပ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ပြုပြင်ပြောင်းလဲလာသော ဥပဒေစည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြတောင်းဆိုထားခြင်း မရှိသေးသော်လည်း အကျိုးအမြတ်ဝေမျှခြင်းနှင့် အကျိုးအမြတ် ခွဲဝေအသုံးချခြင်း၊ လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးရေး သဘောတူညီမှုများ (CDAs)နှင့် အခြေခံ အဆောက် အအုံများအား ဝေမျှခြင်း သို့မဟုတ် ဒေသအခြေအနေနှင့်ကိုက်ညီသည့် အလုပ်ခန့်ထားရေးဆိုင်ရာ လိုအပ်ချက်များမှာ လည်း တခြားသောအခွင့်အလမ်းများဖြစ်ပါသည်။ ၎င်းတို့က လုပ်သမားများနှင့် ဒေသခံလူထုများ အတွက် ဓါတ်သတ္တုလုပ်ငန်းများမှ အကျိုးကျေးဇူးများကို ရရှိစေနိုင်သည့် အလျင်မြန်ဆုံး လုပ်ငန်း များလည်း ဖြစ်နိုင်ပါသည်။

### ၅။ သတ္တုတွင်းလုပ်ငန်းကဏ္ဍတွင် တရားမဝင်တူးဖော်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေခြင်းအား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်နေခြင်း။

မြန်မာ့သတ္တုတွင်းလုပ်ငန်းကဏ္ဍရှိ လုပ်ငန်းအများစုသည် တရားမဝင်လုပ်ငန်းကဏ္ဍအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း MCRB ၏ ကွင်းဆင်းသုတေသနက အတည်ပြုခဲ့ပါသည်။ တရားမဝင် လုပ်ငန်းကဏ္ဍတွင် လက်လုပ်လက်စား ဓါတ်သတ္တုလုပ်ငန်းအများစုပါဝင်သကဲ့သို့ EAO များက တစ်စိတ်တစ်ပိုင်းအားဖြင့် သို့မဟုတ် လုံးဝ ထိန်းချုပ်ထားသည့် နေရာများရှိ အကြီးစား

သတ္တုတွင်းလုပ်ငန်းများလည်းပါဝင်ပါသည်။ လက်လုပ်လက်စားသတ္တုလုပ်ငန်းသည် မြန်မာနိုင်ငံတဝှမ်းရှိ များစွာသော လူမှုအသိုင်းအဝိုင်းများအတွက် အလုပ်အကိုင်နှင့် အသက်မွေးမှုဆိုင်ရာ ရင်းမြစ်တစ်ခုဖြစ်ပါသည်။ သို့သော်လည်း လက်လုပ်လက်စားဓါတ်သတ္တုလုပ်ငန်းက လုပ်သားများ၊ လူထုများနှင့် ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများစွာဖြင့် ဆက်နွယ်နေပြီး ပဋိပက္ခဖြစ်မှု၊ တရားမဝင်ပေးချေမှုတို့နှင့်လည်း ချိတ်ဆက်လျက်ရှိပါသည် (အပိုင်း ၅ တွင်ကြည့်ပါ)။ တရားမဝင်လုပ်ငန်းကဏ္ဍဖြစ်မှုသည် မြန်မာ့စီးပွားရေးအပေါ်တွင် ရိုက်ခတ်မှုများရှိပြီး ဘဏ္ဍာငွေရရှိမှုကို မြှင့်တင်နိုင်စွမ်းမရှိခြင်း၊ ခိုင်မာသော အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု မရှိခြင်းနှင့် ပိုမိုကျယ်ပြန့်သော စီမံအုပ်ချုပ်မှုများမလုပ်ဆောင်နိုင်ခြင်း ကဲ့သို့ အကျိုးသက်ရောက်မှုများ ရှိနေပါသည်။ ဥပမာ - ကြီးကြပ်မှု အားနည်းခြင်း၊ လာဘ်ပေးလာဘ်ယူ မှုများရှိခြင်း၊ ပဋိပက္ခဖြစ်ပွားခြင်း။

သတ္တုတွင်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကိုရရှိနိုင်ရန် လက်လုပ်လက်စားဓါတ်သတ္တုလုပ်ငန်းကို နိုင်ငံ့စီးပွားရေးအတွင်း ပေါင်းစပ်ခြင်းနှင့် အန္တရာယ်ရှိသော အလေ့အထများလျော့ချရေး တို့အတွက် ကြိုးစားအားထုတ်မှုများက အလွန်အရေးကြီးပါသည်။ ၂၀၁၅-ခုနစ်က ပြင်ဆင်သော မြန်မာ့သတ္တုတွင်းဥပဒေနှင့် အဆိုပြုထားသော ၂၀၁၈ ခုနစ် မြန်မာသတ္တုတွင်းနည်းဥပဒေတွင် ဖော်ပြထားသော ပမာဏလေ့လာချက်များအရ လက်လုပ်လက်စားဓါတ်သတ္တုလုပ်ငန်းကို သီးခြားလုပ်ငန်းအမျိုးအစားအဖြစ် အသိအမှတ်ပြုထားပါသည်။ နည်းဥပဒေမူကြမ်းကို ကနဦးလေ့လာချက်အရ လက်ရှိ လိုက်နာဆောင်ရွက်ရန်မှာ ဂန်ထုပ်ဂန်ပိုး ဖြစ်နေပါသည်။ ဥပမာ- လက်လုပ်လက်စားသတ္တုလုပ်ငန်းဆောင်ရွက်သူများက ကနဦးပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (IEE) ဆောင်ရွက်ရန် လိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ၎င်းကိုဆောင်ရွက်ရန်အတွက် လက်လုပ်လက်စား သတ္တုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပြုလုပ်ရပါက စီးပွားရေးအရ တွက်ခြေကိုက်မည်မဟုတ်ပါ။ ထို့ကြောင့် လက်လုပ်လက်စား ဓါတ်သတ္တုလုပ်ငန်းများ အတွက် သီးခြားနည်းဥပဒေတစ်ခုကို ပြုလုပ်ရန် အကြံပြုလိုပါသည်။

မြန်မာနိုင်ငံအတွင်း လက်လုပ်လက်စားကဏ္ဍအတွက် ရည်ရွယ်ချက်တစ်ခု၊ မူဝါဒတစ်ခု၊ နည်းဥပဒေတစ်ခုကို ဖန်တီးရေးဆွဲရာ၌ နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရအာဏာပိုင်များ၊ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များ၊ ဓါတ်သတ္တုလုပ်ငန်းကုမ္ပဏီများနှင့် အရေးအကြီးဆုံးဖြစ်သည့် အလုပ်သမားများ/ ရပ်ရွာအသိုင်းအဝိုင်းများအပါအဝင် များစွာသော ပါဝင်ပတ်သတ်သူများ အတူတကွဆောင်ရွက်လုပ်ကိုင်ရန် လိုအပ်ပါသည်။ ဥပဒေကြောင်းအရ တရားဝင်ဖြစ်သော လက်လုပ်လက်စားသတ္တုလုပ်ငန်းများတွင် လုပ်ငန်း ဆောင်ရွက်သူများအတွက် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ရည်များ တိုးမြင့်လာစေခြင်းနှင့် ပိုမိုကောင်းမွန်သော အစိုးရပိုင်း၏ ကြီးကြပ်မှုနှင့် အခွန်ကောက်ခံခြင်းတို့ကဲ့သို့သော အလားအလာများရှိနေပါသည်။

သို့သော် အဆိုပါ လုပ်ငန်းများ တရားဝင်ဖြစ်လာရန်မှာ စီးပွားရေးအရမက်လုံးများလိုအပ်ပါသည်။ လက်လုပ်လက်စား ဓါတ် သတ္တုလုပ်ငန်းအပေါ် ကန့်သတ်ခြင်း သို့မဟုတ် စီးပွားရေးအရ အလွန်ခက်ခဲစေရန်ပြုလုပ်ခြင်း သို့မဟုတ် သို့မဟုတ် လက်လုပ်လက်စား သတ္တုလုပ်ငန်း ဆောင်ရွက်သူများကို တရားဝင်ကဏ္ဍအတွင်းသို့ ပေါင်းစည်းလာစေရန် စီမံအုပ်ချုပ်မှုအရ အလွန်ခက်ခဲစေခြင်းများပြုလုပ်ပါက ၎င်းကဏ္ဍကိုဆက်လက်၍ တရားမဝင်ဖြစ်နေစေရန် တွန်းအားပေးနေခြင်းဖြစ်ပြီး ထိခိုက်လွယ်သူများကိုသာ ဆက်လက်ထိခိုက်နေစေမည်ဖြစ်သည်။

## ကဏ္ဍအလိုက်သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်းအစီရင်ခံစာနှစ်ချုပ် နှင့် အဓိက တွေ့ရှိချက်များ

ဤအစီရင်ခံစာကို **မြန်မာနိုင်ငံအတွင်း သတ္တုတွင်းလုပ်ငန်းကဏ္ဍ၏ အထွေထွေအနှစ်ချုပ် (အပိုင်း ၂)** နှင့် လက်ရှိလုပ်ငန်း ကဏ္ဍအအခြေအနေနှင့်ကိုက်ညီသော **ဥပဒေရေးရာ၊ မူဝါဒရေးရာမူဘောင် (အပိုင်း ၃)** တို့ဖြင့် အစပြုထားပါသည်။ ဆန်းစစ်ခဲ့သည့် ဥပဒေပြုရေးဆိုင်ရာအဓိကဖွံ့ဖြိုးမှုများတွင် ၂၀၁၅-ခုနှစ် မြန်မာ့ သတ္တုတွင်းဥပဒေကိုပြင်ဆင်ခြင်းများနှင့် ၂၀၁၈-ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပြုထားသော သတ္တုတွင်း နည်းဥပဒေများအတွက် ပြင်ဆင်ချက်များပါဝင်ပါသည်။ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေး (EIA လုပ်ထုံးလုပ်နည်း နောက် ဆက်တွဲအဖြစ်)၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးများအတွက် သတ္တုတွင်းလုပ်ငန်း သီးသန့် ဥပဒေပြုရေးဆိုင်ရာများ တိုးတက်လာစေရန် လိုအပ်နေကြောင်းကိုလည်း ဆွေးနွေးထားပါသည်။ နိုင်ငံတွင်း စီမံအုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းပုံများ လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည့် အခြေအနေ အတွင်း မကြာသေးမီက တာဝန်ယူထားသည့် MoNREC ၏ အခန်းကဏ္ဍနှင့်တကွ ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ သက်ဆိုင်ရာအစိုးရ အဖွဲ့များ၏ အခန်းကဏ္ဍများကိုလည်း ရှင်းလင်းဖော်ပြထားရပါမည်။

ဘဏ္ဍာငွေများ၊ အလုပ်အကိုင်၊ ပဋိပက္ခစသည်တို့ကဲ့သို့ **ကဏ္ဍအဆင့်သက်ရောက်မှုများ**ကို **အပိုင်း (၄)** တွင် သုံးသပ် ထားပါသည်။ ထိုအပိုင်းတွင် ကဏ္ဍအဆင့်စီးပွားရေး သက်ရောက်မှုများပါဝင်ပြီး ဓါတ်သတ္တုလုပ်ငန်းကဏ္ဍအတွင်းမှ အခွန်ကောက်ခံခြင်းနှင့် အခွန်ဘဏ္ဍာရရှိမှုများ၊ ထုတ်လုပ်မှုခွဲဝေရေး စီစဉ်မှုများ၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်များ အကြား အကျိုးအမြတ်ခွဲဝေရေး၊ အလုပ်အကိုင်၊ စီးပွားရေးအခွင့်အလမ်းများနှင့် တရားမဝင် သတ္တုလုပ်ငန်းကဏ္ဍမြင့်မားမှုများ ပါဝင်နေပါသည်။ ဓါတ်သတ္တုလုပ်ငန်းအနေနှင့် အခွန် ကောက်ခံမှု၊ ဘဏ္ဍာငွေရရှိမှုတို့နှင့်ချိတ်ဆက်လျက် စီးပွားရေးဖွံ့ဖြိုးမှုကိုပံ့ပိုးပေးရာ၌ အစိုးရ၏ စွမ်းဆောင်ရည်၊ ပဋိပက္ခ နှင့် တရားမဝင် ကုန်သွယ်မှုကဲ့သို့သော အချက်များက သိသာသော အဟန့်အတားများဖြစ်နေကြောင်း ကဏ္ဍအလိုက်သက်ရောက်မှုဆန်းစစ်ခြင်းက မီးမောင်းထိုးပြ ထားပါသည်။ ဓါတ်သတ္တုလုပ်ငန်းကဏ္ဍအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘော တူညီချက်များ အသုံးပြုခြင်းနှင့်/သို့မဟုတ် လိုင်စင်ထုတ်ပေးသည့်လုပ်ငန်းစဉ်နှင့် အထွေထွေ ဥပဒေအပေါ်

ပိုမိုအားကိုးခြင်း တို့နှင့်မတူညီစွာပင် ထုတ်လုပ်မှုအပေါ်ခွဲဝေစာချုပ်များ (PSCs) သုံးစွဲခြင်းနှင့် ဆက်နွယ်သည့် အကန့်အသတ်များကို ဆွေးနွေးထားပါသည်။ တရားဝင်မဟုတ်သော လုပ်ငန်းကဏ္ဍများမြင့်မားလာမှုက လက်လုပ်လက်စား ဓါတ်သတ္တုလုပ်ငန်း ၏ စီးပွားရေး အလားအလာကို နှောင့်နှေးနေစေပါသည်။ ခေတ်မီသောသတ္တုတွင်း Cadaster မရှိခြင်းကြောင့် ပြဿနာများရှိနေသည်ကို မီးမောင်းထိုးပြနေပါသည်။

ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့အကြား အကျိုးအမြတ်ခွဲဝေရေး ဖြစ်သည့် ရှုပ်ထွေးသည့်အကြောင်းအရာကို ဤအခန်းတွင်ထည့်သွင်းထားပါသည်။ ဒေသခံလူထု များက ဓါတ်သတ္တု လုပ်ငန်းများထံမှ အကျိုးအမြတ်များရရှိနေသည့် ဥပမာအနည်းငယ်ကို ကဏ္ဍအလိုက် သက်ရောက်မှု များအား လေ့လာဆန်းစစ်ခြင်း၏ ကွင်းဆင်းသုတေသန တွင်တွေ့ရှိခဲ့ပြီး ၎င်းတို့မှာ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ထုတ်လုပ်မှု ကွင်းဆက်ဖွံ့ဖြိုးရေး (ဒေသအခြေအနေအတွင်း) သို့မဟုတ် လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးရေး သဘောတူညီချက် (CDAs) များအဖြစ် ပုံပိုးသည့် တရားဝင် အကျိုးအမြတ်ခွဲဝေရေးများဖြစ်သည်။ အချို့ဒေသများတွင် တွေ့ခဲ့ရသည့် "စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန် (CSR)" အတွက် သုံးစွဲခြင်းဟူသည့် မရှင်းလင်းသော လိုအပ်ချက်များအတွက် သင့်သလို ချဉ်းကပ်မှုမျိုးထက် ဒေသခံလုပ်သားများနှင့် လူမှုအသိုင်းအဝိုင်းများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ အခြေခံ အဆောက်အအုံ၊ ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ လိုအပ်ချက်များကို ဦးတည်ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးတာဝန် (CSR) အတွက် သုံးစွဲခြင်းက တခါတရံတွင် စီမံအုပ်ချုပ်မှုပြဿနာများကို ထပ်မံဖြစ်ပေါ်စေပါသည်။ ၎င်းအစား မြန်မာနိုင်ငံ အနေနှင့် ကုမ္ပဏီများကို ဒေသအခြေအနေအတွင်းနှင့် အကျိုးအမြတ်ခွဲဝေ ရေးတို့မှတဆင့် "အကျိုးအမြတ်ခွဲဝေခြင်း" တို့ကို ဆောင်ရွက်ရန် တိုက်တွန်း အားပေးသင့်ပါသည်။ ထိုမှသာ ကမ္ဘာ့လုံးဆိုင်ရာ သတ္တုလုပ်ငန်းများ၏ ဆောင်ရွက်မှုများနှင့်အညီ လိုက်ပါနိုင်မည် ဖြစ်သည်။

ဖော်ထုတ်သတ်မှတ်ထားသည့် **ကဏ္ဍအဆင့် စီမံအုပ်ချုပ်မှုဆိုင်ရာအကျိုးသက်ရောက်မှုများ**တွင် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊ စစ်တပ်/နိုင်ငံပိုင်လုပ်ငန်းများ (SOEs) ဖြစ်သည့် ဓါတ်သတ္တု လုပ်ငန်းများ၏ စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုများနှင့်ဆက်နွယ်သည့် စိန်ခေါ်မှုများ ပါဝင်သည်။ မကြာသေးမီက ဥပဒေပြုမှုများ၊ စည်းမျဉ်းစည်းကမ်းချမှတ်မှုများတွင် တိုးတက်မှုအချို့ ရှိခဲ့သော်လည်း MCRB ၏ သုတေသနအရ လုပ်ငန်းများအား ခွင့်ပြုချက်ပေးရာ၌ ရှင်းလင်းမှု အားနည်းနေသေးကြောင်း၊ လက်လုပ်လက်စားဓါတ်သတ္တုလုပ်ငန်း ဆောင်ရွက်သူ များကို သတ်မှတ်ချက်များအတွင်း အပြည့်အဝထည့်သွင်းစဉ်းစားထားခြင်းမရှိသည့် သီးခြား စိန်ခေါ်မှုများ ရှိနေကြောင်း တွေ့ရှိရပါသည်။ မကြာသေးမီက မြန်မာနိုင်ငံ တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (MEITI) ကို ကြိုးစားအား ထုတ်မှုများရှိသော်လည်း ဓါတ်သတ္တုလုပ်ငန်းအတွင်းရှိ SOE များ၏ အခန်းကဏ္ဍမှာ ပွင့်လင်း မြင်သာမှုအားနည်းနေဆဲဖြစ်ပြီး သတ္တုတွင်းလုပ်ငန်းကဏ္ဍနှင့် စီးပွားရေး အတွက် ၎င်းလုပ်ငန်း

ဌာနများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါနေသောကြောင့် လက်ရှိပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ဦးတည်ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။

ဥပဒေနှင့်အညီဆောင်ရွက်စေခြင်း၊ သတ္တုတွင်းလုပ်ငန်းများအား စစ်ဆေးခြင်းများမှ ကွာဟချက်များကိုလည်း ဤအခန်းတွင် ဆွေးနွေးထားပါသည်။ ကဏ္ဍအလိုက် သက်ရောက်မှုများ အား လေ့လာဆန်းစစ်ခြင်းတွင် ဆွေးနွေးထားသည့် ကိစ္စရပ်များစွာတွင် ဓါတ်သတ္တုလုပ်ငန်း ဆောင်ရွက်ခြင်း ကြောင့်ဖြစ်ပေါ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် လူ့အခွင့်အရေး ဆိုင်ရာ အကျိုးဆက်များအပေါ် ထိရောက်သော စောင့်ကြည့်လေ့လာမှုများ ပျက်ကွက် နေခြင်းက အရေးအပါဆုံး ချို့ယွင်းချက်များမှ တစ်ခုဖြစ်ပါသည်။ ထိရောက်သော စောင့်ကြည့်လေ့လာမှု အားနည်းနေခြင်း၏ အကြောင်းရင်းများစွာ ရှိနေပြီး အောက်ပါတို့ပါဝင်ပါသည် -

- သီးခြားကိစ္စရပ်များ စောင့်ကြပ်လေ့လာရန်အတွက် တာဝန်ဝတ္တရားများရှင်းလင်းမှုအားနည်းခြင်း (ဥပမာ - သဘာဝပတ်ဝန်းကျင်နှင့် အလုပ်သမားစံနှုန်းများ)
- ဓါတ်သတ္တုလုပ်ငန်းအာဏာပိုင်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး တာဂန်ရှိသူများအကြား ညှိနှိုင်းမှု အားနည်းခြင်း
- အစိုးရ၏ စွမ်းဆောင်ရည်နှင့် ဘတ်ဂျက်အကန့်အသတ်ရှိနေခြင်း
- လိုအပ်ချက်အသစ်များနှင့်ပတ်သက်၍ ကုမ္ပဏီများဘက်မှ အသိပညာအားနည်းနေခြင်း (ဥပမာ - ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များနှင့် သတ္တုတွင်းပိတ်သိမ်းမှုအစီအစဉ်များအတွက် လိုအပ်ချက်များ) နှင့်
- အစိုးရ၏ စောင့်ကြည့်ကြီးကြပ်မှု တာဝန်ဝတ္တရားအသစ်များကို စတင်ရန် နှောင့်နှေးနေခြင်း (ဥပမာ - ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များကို စောင့်ကြည့်ကြီးကြပ်ရန် တာဝန်ပေးအပ်ခံထား ရသည့် အစိုးရကော်မတီများ) ။

ဓါတ်သတ္တုလုပ်ငန်းများ၏ ဆိုးကျိုးသက်ရောက်မှုကိုရှောင်ရှားလိုပါက၊ ထိရောက်စွာကိုင်တွယ် ဖြေရှင်းလိုပါက အစိုးရ၊ ကုမ္ပဏီများ၊ အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ပါတ်သက် ဆက်နွယ်သူအားလုံးက ဤစိန်ခေါ်မှုများကို ဦးတည်ဖြေရှင်းရန်မှာ ပထမဦးစားပေး ဖြစ်ရမည် ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များထိန်းချုပ်ထားသည့်ဒေသများရှိ ဓါတ်သတ္တု လုပ်ငန်းများနှင့် ဆက်နွယ်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာ သီးခြားစိန်ခေါ်မှုများကို ထည့်သွင်းစဉ်းစား ပေးခြင်းဖြင့် ဤအခန်းကို နိဂုံးချုပ်ထားပါသည်။

နောက်ဆုံးအနေဖြင့် ဤအခန်းတွင် **ကဏ္ဍအဆင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ သက်ရောက်မှုများကို** ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားပါသည်။ ၎င်းတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများ၊ လူမှုအသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေး၊

အကျိုးအမြတ် ခွဲဝေအသုံးချခြင်းနှင့် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး (OHS) များပါဝင်ပါသည်။

ခြုံငုံကြည့်လျှင် ကွင်းဆင်းသုတေသနက လက်ရှိအခြေအနေ၌ ကုမ္ပဏီများ၏ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို စနစ်တကျ စီမံခန့်ခွဲနိုင်မည့်စနစ်များမှာ အကန့်အသတ်ရှိနေသည် သို့မဟုတ် ပြည့်စုံလုံလောက်မှုမရှိသည်ကို တွေ့ရှိခဲ့ရပါသည်။ သက်ရောက်မှုအား လေ့လာဆန်းစစ်ခြင်းများ ကို ပိုမိုတိုးမြှင့်၍ဆောင်ရွက်လာကြသော်လည်း တခါတရံ အထူးသဖြင့် ရပ်ရွာအသိုင်းအဝိုင်းနှင့် ဆွေးနွေးညှိနှိုင်းမှုများ၊ ချိတ်ဆက်ဆောင်ရွက်မှုများတွင် မျှော်မှန်း စံနှုန်းများ အတိုင်း ပြည့်မီလေ့မရှိပါ။ ဘေးအန္တရာယ်လျော့ချရေးနည်းလမ်းများကို ဆက်လက် အကောင်အထည်ဖော်မှုများက စနစ်တကျမရှိပဲ ထိထိရောက်ရောက် မှတ်တမ်းပြုထားခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်း၊ နောက်ဆက်တွဲ ကြီးကြပ်ခြင်းများ မရှိပါ။ အလားတူပင် ကုမ္ပဏီများက သုံးစွဲနေသည့် လူထုဖွံ့ဖြိုးရေးအတွက်အသုံးပြုမှုများက သင့်သလို ဆောင်ရွက်နေခြင်းဖြစ်သည်။ ဦးစားပေး ကိစ္စရပ်များကို ရေရှည်တည်တံ့ရေးအတွက် သေချာစေမည့် နိုင်ငံဖွံ့ဖြိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး အတွက်လိုအပ်ချက်များ၊ ဦးစားပေးရန်အချက်များနှင့်အညီ သတ်မှတ်ခြင်းထက် ရပ်ရွာ အသိုင်းအဝိုင်းမှ ကုမ္ပဏီနှင့်အဆင်ပြေသော ရွေးချယ်ထားသူများက ဆုံးဖြတ်ပေးကြသည်။ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဥပဒေများနှင့် စည်းမျဉ်းများက ပြီးပြည့်စုံပြီး အစီအစဉ်တကျ ကိုက်ညီစွာရှိနေစေရန် အစောတလျင် လိုအပ်လျက်ရှိပါသည်။ နောက်ဆုံးတွင် မြေယာနှင့်ရေ၊ ပြဒါးသုံးစွဲမှုလျော့ချရေး၊ လုပ်ကွက် ပြန်လည်ထူထောင်ရေးနှင့် သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်များနှင့် ဆက်နွှယ်သည့် ကိစ္စရပ်များကို ဆွေးနွေးထားပြီး အဆိုပါကိစ္စရပ်များကို ကဏ္ဍအဆင့်တွင် ကိုင်တွယ်ဖြေရှင်းမှုများ၊ အစပြုလုပ်ရှားမှုများ ထပ်မံပြုလုပ်ရန် လိုအပ်ကြောင်းကို မှတ်ချက်ပြုထားပါသည်။

ကဏ္ဍအဆင့် သက်ရောက်မှုများကို ဆွေးနွေးပြီးနောက်တွင် **ဆက်စပ်သက်ရောက်မှုအဆင့်နှင့် စီမံကိန်းအဆင့် သက်ရောက်မှုများ (အပိုင်း ၅)** ကို ခေါင်းစဉ်ခွဲ ၇-ခုအောက်တွင် ဦးတည်ဆွေးနွေးထားပါသည် - **(၅.၁) လူထုနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် နစ်နာမှုဖြေရှင်းပေးခြင်း၊ (၅.၂) ရပ်ရွာအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများနှင့် ဖွံ့ဖြိုးရေး၊ (၅.၃) မြေယာ၊ (၅.၄) လုပ်သား၊ (၅.၅) အမျိုးသမီးများနှင့် ကလေးသူငယ်များ၊ (၅.၆) ပဋိပက္ခနှင့် လုံခြုံရေး၊ (၅.၇) ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဝန်ဆောင်မှုများ။** ဤခေါင်းစဉ်တစ်ခုစီအတွက် အဓိကကိစ္စရပ်များ အတွက် အနှစ်ချုပ်၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ဖော်ပြထားပြီး ကွင်းဆင်းသုတေသနမှ တွေ့ရှိချက်များကို အသေးစိတ် ဆွေးနွေးပေးထားပါသည်။ ခေါင်းစဉ်တစ်ခုချင်းစီအတွက် ဆက်စပ်သည့် နိုင်ငံတကာစံနှုန်းများ၊ လမ်းညွှန်ချက်များနှင့် အစပြုလှုပ်ရှားမှုများကို ဖော်ပြထားခြင်းဖြင့် အခန်းတစ်ခုစီကို အဆုံးသတ် ထားပါသည်။

**ရပ်ရွာအသိုင်းအဝိုင်းနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် နစ်နာမှုဖြေရှင်းရေးစနစ်များ (၅.၁)။** ကုမ္ပဏီများက လက်ရှိတွင် စနစ်ကျသော ပါတ်သက်ဆက်နွှယ်သူများနှင့်ဆွေးနွေးညှိနှိုင်းခြင်း၊

ချိတ်ဆက် ဆောင်ရွက်မှု အစီအစဉ်များ၊ အလေ့အထများမရှိကြောင်း ကွင်းဆင်းသုတေသနအရ တွေ့ရှိရပါသည်။ ESIA လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ဆောင်ရွက်သည့် ဆွေးနွေး ညှိနှိုင်းမှုများ၊ ချိတ်ဆက်ဆောင်ရွက်မှုများတွင် တခါတရံ၌ လူ့အခွင့် အရေးရှုထောင့်အရ သိသာသောချို့ ယွင်းမှုများ ပါဝင်နေပါသည် (ဥပမာ - ပံ့ပိုးပေးသော အချက်အလက်က လူအများနားလည်နိုင်ရန်အတွက် ပညာရပ်ဆန်လွန်းနေခြင်း၊ ဆွေးနွေးညှိနှိုင်းမှုများကို ဆီလျော်သည့် ဒေသဘာသာစကားဖြင့် မပြုလုပ်ခြင်း)၊ သက်ရောက်မှုများအား စီမံခန့်ခွဲရန်အတွက် ရေးဆွဲမှုတွင် အခြားရွေးချယ်နိုင်မည့် နည်းလမ်းများကို စဉ်းစားခြင်း အပါအဝင် စီမံကိန်း အစီအစဉ်ရေးဆွဲသည့်အခါ လူထုအမြင်များကို ထည့်သွင်းစဉ်းစားသည့် ပုံစံမှာ ရှင်းလင်းမှုမရှိပါ။

ESIA အလွန် ဆွေးနွေးညှိနှိုင်းခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများအတွက်အလျဉ်း သင့်သလို ဆောင်ရွက်နေသည်ကို တွေ့ရှိရပြီး ရပ်ရွာအသိုင်းအဝိုင်းမှ ကုမ္ပဏီနှင့်အဆင်ပြေသူများနှင့် ကုမ္ပဏီများအကြား ရည်ညွှန်းကိစ္စရပ်များအပေါ်၌သာ အဓိက ဆောင်ရွက်ကြသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများနှင့် ထိခိုက်လွယ်သော ပါတ်သက်ဆက်နွယ်သူများဖြစ်ကြသည့် ကလေးငယ်များ၊ လူငယ်များ၊ သက်ကြီးရွယ်ကြီးများ၊ မသန်စွမ်းများ၊ တိုင်းရင်းသား မျိုးနွယ်စုများကို လုပ်ငန်းစဉ်အတွင်းမှ ဖယ်ထုတ်ထားပါသည်။

လေ့လာမှုပြုလုပ်ခဲ့သည့် ကုမ္ပဏီများအကြား မည်သည့်ကုမ္ပဏီတွင်မျှ လုပ်ငန်းဆောင်ရွက်မှု အဆင့်တွင် နစ်နာမှု ဖြေရှင်းရေးစနစ် ရှိမနေကြပါ။ ကုမ္ပဏီနှင့်ရပ်ရွာအသိုင်းအဝိုင်းမှ ပါတ်သက်ဆက်နွယ်သူများသည် ၎င်းတို့၏အခန်းကဏ္ဍနှင့် နစ်နာမှုဖြေရှင်းရေး စနစ်များ အကြောင်းကို နားလည်မှုမှာ အကန့်အသတ်များဖြင့် ရှိနေပါသည်။

လက်ရှိ သတ္တုတွင်းစီမံကိန်းများနှင့်ဆက်နွယ်လျက် သိသာထင်ရှားသော နစ်နာမှုများ ရှိနေကြောင်း ကွင်းဆင်းသုတေသနက ဖော်ထုတ်ချိန်တွင် ၎င်းနားလည်မှုအကန့်အသတ်ရှိခြင်းက ပိုမိုဆိုးဝါးစေပါသည်။ ၎င်းတို့က ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ (သီးနှံများ၊ မွေးမြူရေးလုပ်ငန်းများအပေါ် သက်ရောက်သကဲ့သို့ သက်မွေးမှုများအပေါ်သက်ရောက်သည့် လူမှုစီးပွားသက်ရောက်မှုများ)၊ ရေ အရင်းအမြစ်အပေါ်သက်ရောက်မှုများ၊ ရွှေ့ပြောင်း ဝင်ရောက်လာခြင်း၊ ရွှေ့ပြောင်းလုပ်သားများ၊ မြေယာနှင့် ဆက်နွယ်သည့် သက်ရောက်မှုများနှင့် ဆက်စပ်လျက်ရှိပါသည်။ မြေယာနှင့်ဆက်နွယ်သည့် နစ်နာမှုများမှာ အဖြစ်အများဆုံး ရှိပါသည်။

**ရပ်ရွာအသိုင်းအဝိုင်းအပေါ်သက်ရောက်မှုများနှင့် ဖွံ့ဖြိုးရေး (၅.၂)** အခန်းတွင် လူထုကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်များကို ဦးတည် ဆွေးနွေးထားပါသည်။ ကွင်းဆင်းလေ့လာရေးတွင် ရောက်ရှိခဲ့သည့် ရပ်ရွာအသိုင်းအဝိုင်း အားလုံးနီးပါးက ဆိုးဝါးသော ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဓါတ်သတ္တုလုပ်ငန်းဆောင်ရွက်မှု၏ ရလဒ်များအဖြစ် ကြုံတွေ့ကြရပါသည်။ ၎င်းတို့တွင် နောက်ဆက်တွဲ ကျန်းမာရေးအကျိုးဆက်များလည်းရှိနေပြီး

ဥပမာအားဖြင့် မြေဆီနှင့်ရေ ညစ်ညမ်းခြင်း၊ ဓါတ်သတ္တုဆင့်တက်ပြုပြင်သည့် လုပ်ကွက်များထံမှ ဆူညံသံများ၊ အနံ့များ၊ အခိုးအငွေ့များ၊ ဖုန်မှုန့်များပါဝင်သည်။ မတော်တဆဖြစ်ပွားမှုများ (အချို့တွင် ကလေးသူငယ်များပါဝင်လျက်) ကို တင်ပြကြပြီး အထူးသဖြင့် ယာဉ်/လမ်း မတော်တဆ ဖြစ်မှုများ သို့မဟုတ် ကြိုတင်ကြေငြာခြင်းမပြုသော မိုင်းဖောက်ခွဲမှုနှင့် ဆက်နွယ်သည့် မတော်တဆမှုများဖြစ်သည်။ ၎င်းကို ကုမ္ပဏီများဘက်မှ အချက်အလက်မျှဝေခြင်း၌ အကန့်အသတ်ရှိနေကြောင်း ထပ်မံဖော်ပြ ထားသကဲ့သို့ အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ခြင်း၊ လျော့ချခြင်းများကလည်း လုံလောက်မှု မရှိကြောင်းကိုလည်း မီးမောင်းထိုးပြထားပါသည်။ ပြည်သူ့ဝန်ဆောင်မှုများနှင့် လူထု ဝန်ဆောင်မှုများကိုလည်း မတူညီသည့် နည်းလမ်းများဖြင့် သက်ရောက်ပါသည်။ အချို့သော အခြေအနေ များတွင် ကုမ္ပဏီများက အပြုသဘောပံ့ပိုးမှုများပြုလုပ်ကြောင်း မြင်ရပါသည်။ ဥပမာအားဖြင့် လမ်းဖောက် လုပ်ခြင်း သို့မဟုတ် လျှပ်စစ်မီး/ရေရရှိမှုတို့နှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း။

သို့သော်လည်း ထိုသို့သောဆောင်ရွက်မှုများကို သေချာလေ့လာကြည့်ပါက တခါတရံတွင် ကုမ္ပဏီ၏ ပထမဆုံးနေရာ၌ ဝန်ဆောင်မှုများကို အလွန်အမင်းသုံးစွဲခြင်းရလဒ်တစ်ခုဖြစ်ပြီး ဒေသလူထုများနှင့် ထိရောက်သော ဆွေးနွေးညှိနှိုင်းမှုများမပြုပဲ ဆောင်ရွက်ခြင်းဖြစ်နေပါသည်။ သတ်မှတ်နေရာများတွင် သတ်မှတ်ထားသည့်ဝန်ဆောင်မှုများပံ့ပိုးခြင်းအတွက် ကုမ္ပဏီများနှင့် ဒေသအစိုးရအကြားဆွေးနွေးညှိနှိုင်း မှုများက ရံဖန်ရံခါတွင် အစီအစဉ်မကျဖြစ်တတ်ပါသည်။ ပါတ်သက်ဆက်နွယ်သူများအနေနှင့် ဝန်ဆောင်မှု ပေးရန်အတွက် မည်သူ့တွင်တာဝန်ရှိသည် သို့မဟုတ် မည်သည်ကို စောင့်ကြည့်ကြီးကြပ်ရမည်ဆိုသည့် အပေါ် ရှင်းလင်းမှုမရှိနေပါ။ သိမြင်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များအပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းငယ်ကို ဖော်ထုတ်ထားပါသည်။ ကုမ္ပဏီများက ဘာသာရေးဆိုင်ရာနေရာများကို အထူးဂရုပြုလာကြပြီး ဒေသခံဘာသာရေး အဖွဲ့အစည်းများကို ထောက်ကူပံ့ပိုးလာကြသည်ကို တဖြေးဖြေးချင်း တွေ့ရှိလာရပါသည်။

ဓါတ်သတ္တုလုပ်ငန်းက ကျေးလက်ဒေသများတွင် ဆောင်ရွက်လျက်ရှိပြီး အိမ်ထောင်စုအများစုက စိုက်ပျိုးရေးလုပ်ငန်းကို အဓိကဝင်ငွေရလုပ်ငန်းအဖြစ် မှီခိုနေကြသည့်နေရာများဖြစ်သည်။ ဓါတ်သတ္တုလုပ်ငန်း ဆောင်ရွက်မှုများကြောင့်ဖြစ်ပေါ်လာသည့် **မြေယာအပေါ် သက်ရောက်မှုများ (၅.၃)** က အရေးကြီး ကိစ္စရပ်တစ်ခုအဖြစ် တွေ့ရှိရပါသည်။ ကနဦးပြုပြင်ပြောင်းလဲရေးများ ရှိသော်လည်း မြေယာကိစ္စရပ်များ အတွက် ဥပဒေနှင့်မူဝါဒမူဘောင်များမှာ အပိုင်းပိုင်းဖြစ်နေဆဲ၊ ကွဲလွဲနေဆဲ၊ ပြည့်စုံမှုမရှိပဲဖြစ်နေသေးသည်။

၎င်း၏အဓိပ္ပါယ်မှာ ဓါတ်သတ္တုလုပ်ငန်းဆောင်ရွက်မှုများအတွင်း လူအများတွင် ၎င်းတို့နေထိုင်သော၊ လယ်ယာလုပ်ငန်းဆောင်ရွက်သော သို့မဟုတ် သတ္တုတွင်းလုပ်ငန်း ဆောင်ရွက်သော မြေနေရာကို ဥပဒေအရ အကန့်အသတ်ဖြင့်သာ ပိုင်ဆိုင်မှုရှိခြင်း သို့မဟုတ် မြေယာအသုံးပြုရန် အခွင့်အရေးများ အကန့်အသတ်ရှိနေခြင်းဖြစ်ပြီး မြေယာလွှဲပြောင်းပေးမှုများ၊

လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရင်ဆိုင်ဖြေရှင်း နိုင်စွမ်းနည်းပါးပါသည်။ ၂၀၁၆-ခုနှစ် အမျိုးသားမြေယာအသုံးချရေးမူဝါဒက မရေရာမှုများ၊ ရှင်းလင်းသော မြေယာစီမံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုများအားနည်းခြင်းတို့ကို ဦးတည်ဖြေရှင်းပေးမည့် အရေးကြီးသော အဆင့်တဆင့် ဖြစ်သော်လည်း နိုင်ငံသားများ၏မြေယာနှင့် ပိုင်ဆိုင်မှုအခွင့်အရေးများကို ကာကွယ်ပေးနိုင်သည့် ဥပဒေအဖြစ် အပြည့်အဝ အကောင်အထည်ဖော်ရန် လိုအပ်နေပါသေးသည်။

ပြန်လည်နေရာချထားခြင်းအပိုင်းကို ဆောင်ရွက်ရာတွင်လည်း လွန်စွာ အားနည်းနေကြောင်း တွေ့ရှိခဲ့ရပါသည်။ ရံဖန်ရံခါ၌ လူအများကို အချိန်အနည်းငယ်အတွင်းသာ ကြိုတင်အသိပေးပြီး သင့်တော်မှုမရှိသော နေရာများကိုပြန်လည်နေရာချထားပေးသည်။ ဥပမာ- အလားတူ နေထိုင်မှု အတွက် သို့မဟုတ် ပိုမိုကောင်းမွန်သောနေထိုင်မှုအတွက် သင့်တော်သည့်မြေနေရာ မဟုတ်ခြင်း၊ သီးနှံစိုက်ပျိုးရန် သင့်တော်သည့်မြေယာမဟုတ်ခြင်း သို့မဟုတ် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှု နေရာများနှင့် အလွန်ဝေးကွာခြင်း။ အလျင်းသင့်သလိုပေးအပ်သည့် လျော်ကြေးနှုန်းထားများက အမှန်တကယ်ကုန်ကျ စရိတ်များကို မကာမိခြင်း။ ကွင်းဆင်းသုတေသနကတွေ့ရှိခဲ့သည်မှာ ဖြစ်ရပ်အတော်များများတွင် အတင်းအကြပ် ပြောင်းရွှေ့ခိုင်းသည့် ခိုင်မာသော အထောက် အထားများ ရရှိခဲ့ပါသည်။ မြေယာနှင့်ဆက်နွယ်သည့် သက်မွေးမှုအပေါ် သက်ရောက်မှုများစွာ ကိုလည်း တွေ့ရှိခဲ့ရသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေး လုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်သည့် မြေယာ၊ သီးနှံနှင့် ရေအရင်း အမြစ်များ ပျက်စီးခြင်းကို ကွင်းဆင်းရောက်ရှိခဲ့သည့် နေရာများ အများတွင် တင်ပြပြောဆိုမှုများ ရှိပါသည်။ အချို့သော ဖြစ်ရပ်များတွင် လူအများက ၎င်းတို့၏ အဓိက သက်မွေးမှုဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေယာဆုံးရှုံးရခြင်းကြောင့် သတ္တုတွင်း နေ့စားလုပ်သားအဖြစ် တွန်းပို့ခံကြရပြီး/သို့မဟုတ် သတ္တုတွင်း နေ့စားလုပ်သားများ ဖြစ်လာ ကြသည်။ တရားဝင်မဟုတ်သော လက်လုပ် လက်စားသတ္တုလုပ်ငန်း ဆောင်ရွက်သူများက ရံဖန်ရံခါတွင် ဒေသတွင်း ရွှေ့ပြောင်းနေထိုင်ကြသူများဖြစ်ပြီး မြေယာနှင့် ဆက်စပ်သည့် သက်ရောက်မှုများ နှင့်ဆက်နွယ်သည့် အန္တရာယ်များရှိနေပါသည်။ ၎င်းတို့နေထိုင်သည့်၊ သတ္တုတွင်း လုပ်ငန်းလုပ်ကိုင်သည့် နေရာအတွက် ၎င်းတို့တွင် မြေယာတရားဝင် ပိုင်ဆိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် ရှိမနေသောကြောင့်ဖြစ်သည်။

သွားရောက်လေ့လာခဲ့သည့်လုပ်ကွက်အများစုတွင် အလုပ်သမားများ၏ **လုပ်သား (၅.၄)** အခြေအနေ များသည် နိုင်ငံတကာလုပ်သားစံနှုန်းများ၊ နိုင်ငံတွင်းလုပ်သားဥပဒေများနှင့်အညီ မဟုတ်ကြောင်း တွေ့ရှိခဲ့ရပါသည်။ တရားဝင်နှင့် တရားမဝင် ဓါတ်သတ္တုလုပ်ငန်း ကဏ္ဍနှစ်ခုလုံးတွင် ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့နှင့် ပတ်သက်သည့် သိသာထင်ရှားသော ကိစ္စရပ်များတွေ့ရှိခဲ့ပါသည်။ ဥပမာအားဖြင့် ကုမ္ပဏီအများစုတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အလေ့အထများ ရှိမနေပါ သို့မဟုတ် စံနှုန်းများနိမ့်ပါးလျက်ရှိနေပြီး ကျန်းမာရေး၊ ဘေးအန္တရာယ်ရှင်းကင်းရေး ဖြစ်ရပ်များ၊ အချက်အလက်များကို အစီရင်ခံတင်ပြနိုင်မည့် သို့မဟုတ် ခြေရာ ကောက်နိုင်မည့် တရားဝင်စနစ်များမရှိပါ။ တကိုယ်ရေကာကွယ်ရေးပစ္စည်းများ (PPE) ကို ပံ့ပိုးပေးမထားခြင်း

သို့မဟုတ် အသုံးမပြုကြပါ (သို့မဟုတ်) ရင်ဆိုင်ရနိုင်သည့် ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး အန္တရာယ်များအတွက် သင့်တော်မှုမရှိပါ။ ထို့အပြင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးသင်တန်းများ၊ သတ္တုတွင်းများအတွင်း ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး စံနှုန်းများအပေါ် အစိုးရ၏စောင့်ကြည့်ကြီးကြပ်မှုများက အားနည်းလျက် ရှိသည်ကို တွေ့ရပါသည်။ တရားဝင်သတ္တုတွင်းလုပ်ကွက်များမှ ဝန်ထမ်းများစွာတွင် ၎င်းတို့၏ အလုပ်စာချုပ် မိတ္တူများ ရှိမနေကြပါ။ ထို့အပြင် ပြင်ပလုပ်ငန်းကဏ္ဍရှိ အလုပ်လုပ်ကိုင်ရမည့် အခြေအနေ ဖော်ပြချက်များကို တဆင့်ခံကန်ထရိုက် သတ္တုတွင်းပိုင်ရှင်များနှင့် အလုပ်သမားအကြား နှုတ်ဖြင့် သဘောတူညီမှုပေါ်အခြေခံ၍သာ ဆောင်ရွက်လေ့ရှိသည်။ သွားရောက်လေ့လာခဲ့သည့် လုပ်ကွက်များမှ တစ်ခုတွင်သာ သမဂ္ဂကိုယ်စားပြုမှုကိုတွေ့ရှိခဲ့ရပြီး လုပ်ကွက်များစွာတွင် အလုပ်သမားကိုယ်စားပြုမှုအတွက် သို့မဟုတ် နစ်နာမှုဖြေရှင်းပေးရေး စနစ်များ မတွေ့ရှိရပါ။ တရားဝင်ဓါတ်သတ္တုလုပ်ငန်းကဏ္ဍရှိ လုပ်သားထုအတွင်း ခွဲခြားဆက်ဆံမှုနှင့် ကာယိန္ဒြေပျက်စေခြင်းနှင့် ဆက်စပ်သည့် အမျိုးသမီး ကိုယ်စားပြုမှုမှာ သိသိသာသာအားနည်းပြီး (ကမ္ဘာ တစ်ဝှမ်းရှိ ဓါတ်သတ္တုလုပ်ငန်းအတွင်း ထူးခြားသော ဖြစ်ရပ်မဟုတ်သော်လည်း စနစ်အားဖြင့်ခွဲခြားခြင်းကို ရည်ညွှန်းနေပါသည်) အမျိုးသမီးများက လုပ်ခလစာနည်းပါးသော အလုပ်များတွင်သာ အများအားဖြင့် လုပ်ကိုင်ကြရပါသည်။ တရားမဝင် ဓါတ်သတ္တု လုပ်ငန်းနေရာအများစုတွင် ကလေးလုပ်သားများကို တွေ့ရှိခဲ့ရပြီး တရားဝင်သတ္တုတွင်း လုပ်ကွက်အချို့တွင်လည်း ကလေးလုပ်သားများရှိနေကြောင်း တင်ပြထားပါသည်။

**အမျိုးသမီးများနှင့် ကလေးသူငယ်များ (၅.၅)** က ဓါတ်သတ္တုလုပ်ငန်းများနှင့်ဆက်စပ်သည့် သီးခြားဆိုးကျိုးသက်ရောက်မှုများ တွေ့ကြုံခံစားရသကဲ့သို့ အချို့သောကိစ္စရပ်များတွင် ဆိုးကျိုးသက်ရောက်မှုကို မမျှတစွာပိုမိုခံစားရသည်ကို တွေ့ရှိရပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အမျိုးသမီးများနှင့် အမျိုးသားများက ဓါတ်သတ္တုလုပ်ငန်းအမျိုးမျိုးတွင် မတူညီသော လုပ်ခလစာများဖြင့် ပါဝင်လုပ်ဆောင်နေကြသည်ကို ကွင်းဆင်းသုတေသနအရတွေ့ရှိခဲ့ပါသည်။ ယေဘုယျအားဖြင့် အမျိုးသမီးများက သတ္တုတွင်းဆင့်တက်ပြုလုပ်ခြင်းနှင့် ထောက်ကူပံ့ပိုးမှုအခန်းကဏ္ဍတွင် များစွာပါဝင်ဆောင်ရွက်နေကြပြီး ၎င်းအလုပ်မှာ အမျိုးသားများလုပ်ကိုင် ဆောင်ရွက်နေကြသော သတ္တုရိုင်းတူးဖော်ခြင်းအလုပ်ထက် လုပ်ခလစာနည်းပါးပါသည်။ တရားမဝင်သော သတ္တုလုပ်ငန်း ကဏ္ဍအတွင်း အမျိုးသမီးကိုယ်စားပြုမှုလွန်ကဲနေပြီး/ သို့မဟုတ် သတ္တုတွင်းများအတွင် အမြဲတမ်း လုပ်သားအဖြစ် လုပ်ကိုင်ခြင်းထက် နေ့စားလုပ်သားများအဖြစ်သာ အလုပ်လုပ်ကိုင်ကြပါသည်။

လုပ်ငန်းကဏ္ဍ၏ ဤသို့သော အစိတ်အပိုင်းများတွင် လုပ်ကိုင်နေသည်နှင့် ဆက်နွယ်၍ ဖြစ်ပေါ်လာသော မလုံခြုံမှုများအပြင် ဤအလုပ်သမားများက ပြဒါးနှင့်ထိတွေ့မှု၊ အခြားသော ဆင့်တက်ပြုလုပ်သည့် ဓါတုပစ္စည်းများနှင့် ထိတွေ့မှု ပိုမိုများပြားသည်ကို ကွင်းဆင်းသုတေသနအရ တွေ့ရှိခဲ့ရပါသည်။ လုပ်ကွက်တစ်ခုတွင် ရွှေကျင်ခြင်း နှင့် ပြဒါးသုံးစွဲ ခြင်းကို "အမျိုးသမီးအလုပ်" အဖြစ် သတ်မှတ်ဖော်ပြကြပြီး ပြဒါးကို အိမ်တွင်းမှာပင် အသုံးပြု

လေ့ရှိပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လက်လုပ်လက်စား ဓါတ်သတ္တု လုပ်ငန်းအတွင်း ကလေးလုပ်သားက အရေးကြီးကိစ္စရပ်ဖြစ်နေပြီး ကလေးများတွင် တခါတရံ အသက် ၆-နှစ်၊ ၇-နှစ်အရွယ်ကလေးများပင်ပါဝင်သည်။ ထို့အပြင် ကလေးများက သတ္တုတွင်းလုပ်ကွက်များ၊ ၎င်းနှင့် အနီးတဝိုက် မတော်တဆဖြစ်မှုများအတွက် အထူးအန္တရာယ် ကျရောက်လွယ်သူများ အဖြစ်တွေ့ရှိရသည် (ဥပမာ- အပေါ်ယံမြေဆီလွှာ ဖယ်ရှားထားသည့် ကန်အတွင်း ရေကူး နေသော ကလေးတစ်ဦး ရေနစ် ခဲ့ကြောင်း သိရှိရပါသည်)။ ဓါတ်သတ္တုလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ပညာရေးအပေါ်နည်းအမျိုးမျိုးဖြင့် သက်ရောက် စေပါသည်။ ဥပမာအားဖြင့် ဓါတ်သတ္တုလုပ်ငန်းကြောင့် ပြောင်းရွှေ့နေရာချထားခြင်း၏ ရလဒ်အဖြစ် ပညာသင်ယူနိုင်ရန် ရပ်ပိုင်းဆိုင်ရာ အကန့်အသတ်များရှိလာခြင်း သို့မဟုတ် ကျောင်းချိန်အတွင်း ဆူညံသံများ၊ ဖုန်မှုန့်များကြောင့် အနှောင့်အယှက်ဖြစ်စေခြင်း။ လက်လုပ်လက်စားသတ္တုလုပ်ငန်း ဆောင်ရွက်သည့်နေရာများ၌လည်း အချို့မိဘများက ကလေးများကို သတ္တုလုပ်ငန်းအတွင်း ၎င်းတို့နှင့်အတူ ဝင်ရောက်လုပ်ကိုင်စေရန်အတွက် ကျောင်းထားပေးခြင်းကို ဦးစား မပေးတော့ကြောင်း သိရှိရပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ကလေးများအတွက် အခြားရွေးချယ်နိုင်သည့် အနာဂတ်အခွင့်အလမ်းမရှိဟု ယူဆကြသောကြောင့်ဖြစ်သည်။

သတ္တုတွင်းလုပ်ကွက်များအနီးရှိ ရပ်ရွာလူထုမလုံခြုံမှုက **ပဋိပက္ခနှင့် လုံခြုံရေး (၅.၆)** ခေါင်းစဉ်အောက်မှ ဆန်းစစ်ခဲ့သည့် ရှုထောင့်တစ်ရပ်ဖြစ်သည်။ MCRB ကွင်းဆင်းသုတေသနအရ သွားရောက်လေ့လာခဲ့သည့် လုပ်ကွက်များ၏ ထက်ဝက်ကျော်ကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs) က တစ်စိတ်တစ်ပိုင်း အားဖြင့် သို့မဟုတ် အပြည့်အဝ ထိန်းချုပ်ထားပါသည်/သို့မဟုတ် စစ်တပ်နှင့် ဆက်နွယ်သည့် ကုမ္ပဏီများတွင် စစ်တပ်က ထိန်းချုပ်ထားပါသည်။ ၎င်းအခြေအနေက ဒေသခံလူထုများအကြား ကြောက်ရွံ့ ထိတ်လန့်မှုကို ဖြစ်ပေါ်စေပြီး ခိုင်မာသော ကုမ္ပဏီ-စစ်တပ် ပေါင်းစည်းဆက်ဆံမှုပုံစံကြောင့် ပြန်လည် တုံ့ပြန်မည်ကို ကြောက်ရွံ့သည့်အတွက် ဒေသခံများက ဆန့်ကျင်ပြောဆိုရန်ဝန်လေးကြပါသည်။ MCRB ကွင်းဆင်း သုတေသနတွင် မူးယစ်ဆေး သုံးစွဲမှုမြင့်မားနေသော ဒေသများစွာသို့ (လက်လုပ်လက်စားဓါတ်သတ္တုလုပ်ငန်း အများဆုံးရှိသည့် နေရာများ) သွားရောက် လေ့လာခြင်း လည်းပါဝင်ပြီး အဆိုပါဒေသများတွင် မလုံခြုံမှုအခြေအနေများ၊ ရာဇဝတ်မှုများမြင့်မားနေကြောင်း ဒေသခံများက ဆက်စပ်၍ပြောဆိုကြပါသည်။ လက်လုပ်လက်စား သတ္တုလုပ်ငန်းနေရာများက လုံခြုံရေး၊ ပဋိပက္ခဖြစ်ပွားမှုများနှင့်ဆက်နွယ်သည့် သီးခြား ကိစ္စရပ်များကို ရင်ဆိုင်ကြရပါသည်။ ဥပမာအားဖြင့် လက်လုပ်လက်စား သတ္တုလုပ်ငန်း ဆောင်ရွက်သူများက တရားမဝင်အခွန်များကို အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ် များထံ ပေးအပ်ရန် တောင်းခံရခြင်း၊ ပစ္စည်းများ သိမ်းယူခံရခြင်းများကို ကြုံတွေ့ရပါသည်။ လက်လုပ် လက်စား သတ္တုလုပ်ငန်းဆောင်ရွက်သူများနှင့် တရားဝင်လုပ်ငန်းလည်ပတ်သူများအကြား ပဋိပက္ခ ဥပမာများကိုလည်း သိရှိခဲ့ရပါသည်။ လက်လုပ်လက်စားသတ္တုလုပ်ငန်းဆောင်ရွက်သူများက လုပ်ကွက်ကြီးများတွင် ထုတ်လုပ်နိုင်ရန် " ခွင့်ပြုချက်" အတွက် ဆောင်ရွက်ရသော ထုတ်လုပ်မှု ဝေမျှရေး စီမံဆောင်ရွက်မှုများနှင့် ပတ်သတ်၍ လက်လုပ်လက်စား သတ္တုလုပ်ငန်း

ဆောင်ရွက်သူများနှင့် တရားဝင်လုပ်ငန်း လည်ပတ်သူများအကြား ရံဖန်ရံခါ ပဋိပက္ခများ ဖြစ်ပွားလေ့ရှိပါသည်။ အစီအစဉ်ရေးဆွဲမှုဆိုင်ရာ အကန့်အသတ်နှင့် တရားဝင်၊ ပိုမိုကြီးမားသော ကုမ္ပဏီများ၏ လုံခြုံရေး လုပ်ငန်းအရည်အသွေး အကန့်အသတ်တို့ကို တသမတ်တည်း တွေ့ရှိရပါသည်။ ၎င်းအကန့် အသတ်နှစ်ခုလုံးမှာ သတ္တုတွင်းလုပ်ကွက်များ၏ လုံခြုံရေး ဝန်ဆောင်မှုအတွက် ပုဂ္ဂလိကလုံခြုံရေး အစောင့်များနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ ကုမ္ပဏီများနှင့် ပြည်သူ့လုံခြုံရေး တပ်ဖွဲ့များအကြား စီစဉ်ထားရှိမှု တို့နှင့် ဆက်နွယ်ပါသည်။

**ပတ်ဝန်းကျင်နှင့်ဂေဟစနစ်ဝန်ဆောင်မှုများ (၅.၇)** နှင့် ပတ်သက်၍ဆီလျော်မှုမရှိသော ရေနှင့် စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှု၊ မြေဆီများပျက်စီးခြင်းနှင့် လုပ်ကွက်ပြန်လည်ထူထောင်မှု နားနည်းခြင်း၊ သတ္တုတွင်းပိတ်သိမ်းမှုဆိုင်ရာ မူဝါဒများရေးဆွဲ ခြင်းတို့အတွက် လုပ်ဆောင်ရန်မှာ အရေးကြီးသည့် ကိစ္စရပ်များအဖြစ် ကွင်းဆင်းသုတေသနမှတဆင့် ဖော်ထုတ်ခဲ့ပါသည်။ များစွာသော လုပ်ကွက်များတွင် ဓါတုပစ္စည်းစွန့်ပစ်မှုနှင့် လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများကို သန့်စင်ခြင်းမပြုလုပ်ဘဲ မြစ်ချောင်းများအတွင်း စွန့်ထုတ်လိုက်ပြီး မြစ်ချောင်းများ၊ မြေအောက်ရေများ၊ ရေနေသတ္တဝါများကို ပျက်စီးစေပါသည်။ ခွင့်ပြုချက်ရထားသည့် သတ္တုလုပ်ငန်းများနှင့် တရားဂင်မဟုတ်သော သတ္တုလုပ်ငန်းနှစ်ခုလုံးမှာ မြစ်ချောင်းများ၊ မြစ်ဝှမ်းများနှင့် မြစ်များအတွင်း/ အနီးအနားတွင် ဆောင်ရွက်လုပ်ကိုင်နေသည်ကို တွေ့ရပြီး အချို့မှာ ဥပဒေအရ ပြဌာန်းထားသော အကွာအဝေးသတ်မှတ်ချက်များကို အတိအလင်း ချိုးဖောက်လျက်ရှိသည်။ လက်လုပ်လက်စား သတ္တုလုပ်ငန်းဆောင်ရွက်မှုများကိုလည်း ချောင်းငယ်များ၊ ရေထွက်ပေါက်များနှင့် တိုက်ရိုက်ထိစပ် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ သတ္တုအကြွင်းအကျန်များအပါအဝင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုက လုပ်ကွက်များစွာ၌ ကိစ္စရပ်တစ်ခုဖြစ်နေပြီး သတ္တုအကြွင်းကျန်များ သိုလှောင် သည့်နေရာ ပျက်စီးမှုကြောင့် မတော်တဆမှုများရှိနေပါသည်။ မြေဆီလွှာတိုက်စားခြင်းနှင့် ညစ်ညမ်းခြင်းက ကျယ်ပြန့် စွာဖြစ်ပေါ်နေပြီး လယ်ယာမြေများအပေါ် သက်ရောက်ကာ ၎င်းမှတဆင့် မွေးမြူရေးများ၊ လူများ၏ အသက်မွေးဝမ်းကျောင်းမှုများ အပေါ်ထိခိုက် လျက်ရှိပါသည်။ အပေါ်ယံမြေဆီလွှာစီမံခန့်ခွဲမှုအလေ့အထများရှိမနေပါ။ ကုမ္ပဏီအများစုက အပေါ်ယံမြေဆီလွှာကို ကုတ်ဖဲ့ပြီး ထိန်းသိမ်းထားမှုမပြုလုပ်ခြင်းနှင့် မြေယာပြန်လည် ထူထောင်ရေးအတွက် မည်သည့်လုပ်ငန်းမျှ ဆောင်ရွက်ခြင်းမရှိပါ။ ကုမ္ပဏီများ ပိုမိုကောင်းမွန်သော အလေ့အထများ အကောင်အထည်ဖော်ရန်အတွက် ဒေသအစိုးရ ကိုယ်စား လှယ်ဆော်မှုအချို့ ရှိနေကြောင်းသိရှိရသော်လည်း ကုမ္ပဏီများအနေနှင့် လုပ်ကွက်များ ပြန်လည်ထူ ထောင်ပေးရေးသည် ၎င်းတို့တာဝန်ဝတ္တရားအတွင်း ရှိမနေကြောင်းယူဆလျက်ရှိပါသည်။ သွားရောက်လေ့လာခဲ့သည့်နေရာများမှ မည်သည့်လုပ်ကွက်တွင်မျှ သတ္တုတွင်းပိတ်သိမ်းမှုအတွက် လုံလောက်သော ပြန်လည်ထူထောင်ရေး အစီအစဉ်များရှိမနေပါ - ၎င်းသည် ဥပဒေအရ လိုအပ်ချက် အသစ်တစ်ခုနေဖြင့်သာရှိနေသည်။

နောက်ဆုံးအခန်း(အပိုင်း ၆) က မြန်မာနိုင်ငံအတွင်း သမိုင်းကြောင်းအမွေ၊ လက်ရှိပဋိပက္ခများနှင့် နိုင်ငံတော်တည်ဆောက်ရေးတို့ကို ဆွေးနွေးထားပြီး သဘာဝသယံဇာတများက ပဋိပက္ခသို့

မောင်းနှင်သူအဖြစ် အလေးပေးထားပါသည်။ ဤအခန်းတွင် ဓါတ်သတ္တုတူးဖော်ရေးအတွင်း လက်နက်ကိုင်အဖွဲ့များ၏ ပါဝင်မှု အပေါ် ဆွေးနွေးထားခြင်းဖြစ်သည်။ ကချင်ပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်မှ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တို့ကို ဦးတည်ထားပြီး ပဋိပက္ခအရွေ့များနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ (ကယား၊ ကရင်၊ မွန်၊ တနင်္သာရီတို့မှ) ဓါတ်သတ္တုလုပ်ငန်းကဏ္ဍတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်မှုကို ဦးတည်ဆွေးနွေး ထားပါသည်။ MCRB ကွင်းဆင်းသုတေသနကို ၂၀၁၆-ခုနှစ် ပထမနစ်ဝက်အတွင်း ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ်နှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တို့မှလွဲ၍ အဆိုပါ ပဋိပက္ခဖြစ်ပွားရာ ဒေသအားလုံးသို့ သွားရောက်လေ့လာခဲ့ပါသည်။ တိုင်းဒေသ အလိုက်စီမံအုပ်ချုပ်မှုနှင့် ပဋိပက္ခသုံးသပ်ချက်က ပိုမိုကျယ်ပြန့်သော သမိုင်းကြောင်းရှုထောင့်၊ နိုင်ငံရေးရှုထောင့်များအတွင်း တည်ရှိနေသည့် ပဋိပက္ခများ၊ မလုံခြုံမှုများနှင့် ဆက်နွယ်သည့် သီးခြားကွင်းဆင်းတွေ့ရှိချက်များကို လေ့လာနိုင်ရန်ရည်ရွယ်ပါသည်။

အစီရင်ခံစာက အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့များနှင့် တခြားသော နိုင်ငံတကာမှ ဆောင်ရွက်သူများ အတွက် ထောက်ခံ အကြံပြုချက်များဖြင့် နိဂုံးချုပ်ထားပါသည် (အပိုင်း ၇)။ နောက်စာမျက်နှာတွင် အကျဉ်းချုပ်များကို ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံ၏ အစိုးရသို့ အကြံပြုချက်များ

၁။ အမျိုးသားအဆင့် ဓာတ်သတ္တုသယံဇာတ မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ၎င်းကို သတ္တုတွင်းဆိုင်ရာ စည်းမျဉ်း ဥပဒေအသစ်အတွက် အခြေခံအဖြစ်အသုံးပြုရန်၊ မြန်မာ့ ဓာတ်သတ္တု သယံဇာတမှ ဒေသခံများအတွက် အကျိုးရှိစေရန်နှင့် ပဋိပက္ခသို့ တွန်းအား ပေးမှုများ ဆက်လက် မဖြစ်ပွားစေရေး သေချာစေရန်။

၂။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ဘေးအန္တရာယ်ဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာနှင့် သတ္တုတွင်း ဆိုင်ရာ ပါမစ်များကို ထုတ်ပေးရာတွင် ရိုးရှင်းမှုနှင့် ဆက်စပ်ကိုက်ညီမှုရှိရန် လိုအပ်ပြီး ဥပဒေများမှာလည်း ၎င်းတို့အား အထောက်အပံ့ဖြစ်စေရန်။

၃။ သတ္တုတွင်းလုပ်ငန်း၌ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်မှုများ လုပ်ဆောင်ရန်အတွက် ကိုက်ညီမှုမရှိသည်များနှင့် လစ်ဟာမှုများကို ဖြေရှင်းရန်။

၄။ ဥပဒေများနှင့် ပါမစ်နှင့်သက်ဆိုင်သော တာဝန်၊ ဝတ္တရားများအား လိုက်နာမှု တိုးတက် လာစေရေး တွန်းအားပေးရန်။

၅။ တရားစီရင်ရေးနှင့် ပြင်ပတရားစီရင်ရေးစနစ်များနှင့် ဆိုင်သော ကုစားသည့် လုပ်ငန်းစဉ်များ

အားကောင်းလာစေရန်။

၆။ အများပြည်သူ ပူးပေါင်းပါဝင်ခြင်းနှင့် ပွင့်လင်းမြင်သာမှုများ တိုးတက်လာစေရန်။

၇။ လက်လုပ်လက်စား သတ္တုလုပ်ငန်းများ တရားဝင်ဖြစ်လာစေရေး တိုးမြှင့်လုပ်ဆောင်ရန်နှင့် အန္တရာယ် ဖြစ်စေနိုင်သည့် အလေ့အကျင့်များကို လျှော့ချရန်။

## သတ္တုတွင်းကဏ္ဍရှိ ကုမ္ပဏီများသို့ အကြံပြုချက်များ

၁။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ ပြုမူလုပ်ဆောင်မှုများအတိုင်း နိုင်ငံတကာ စံနှုန်းများနှင့် အညီ ကျင့်သုံး လုပ်ဆောင်ရန်။

၂။ ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင်တားဆီးခြင်းလုပ်ငန်း (due diligence) များကို အကောင် အထည်ဖော် ဆောင်ရွက်ရန်။

၃။ ဆိုးကျိုးသက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ရန်နှင့် လျှော့ချမှုများ ပြုလုပ်ရန်။

၄။ ပဋိပက္ခဖြစ်ပွားရာ နေရာများတွင် due diligence ကို အရှိန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက် ရန်။

၅။ သတ္တုတွင်းလုပ်ငန်းတစ်ခုချင်းစီတွင် မကျေလည်မှုများနှင့် နစ်နာမှုများကို လုပ်ငန်းခွင် အဆင့်တွင် တိုင်ကြားနိုင်သည့်စနစ် တစ်ခုတည်ထောင်ရန်။

၆။ ပါတ်သက်ဆက်နွယ်သူများ အထူးသဖြင့် ဒေသခံများနှင့် အလုပ်သမားများ စသည်တို့နှင့် ညှိနှိုင်း ချိတ်ဆက် ဆောင်ရွက်ရန်။

၇။ ဒေသခံများ၏ စွမ်းဆောင်ရည်များ၊ ထုတ်လုပ်မှုကွင်းဆက်နှင့် ဒေသ၏ အကြောင်းကိစ္စများ တိုးတက်လာစေရေး လုပ်ဆောင်ရန်။

၈။ တရားဝင်မဟုတ်သော လက်လုပ်လက်စား သတ္တုလုပ်ငန်းများကို တရားဝင်လုပ်ငန်းများ ဖြစ်လာ စေရေး ထောက်ပံ့ကူညီမှုများပြုလုပ်ရန်။

၉။ တာဝန်ယူမှုရှိသော သတ္တုတွင်းလုပ်ငန်းများ၏ အလေ့အကျင့်များ တိုးတက်လာစေရေး စုပေါင်း ဆောင်ရွက်မှုဖြင့် လုပ်ဆောင်ရန်။

## တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသို့ အကြံပြုချက်များ

၁။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် သတ္တုတွင်းဆိုင်ရာ မူဝါဒနှင့် ခွင့်ပြုမိန့်များ တိုးတက်လာစေရန်အတွက် ချဉ်းကပ်ဆောင်ရွက်ရန်။

၂။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် သတ္တုလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပါမစ်ထုတ်ပေးခြင်းဆိုင်ရာ စံချိန်စံနှုန်းများနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်များ တိုးတက် လာစေရန်။

၃။ သတ္တုတွင်းလုပ်ငန်းများကြောင့် သက်ရောက်မှုများခံကြရသော ဒေသခံများ၏ အခွင့်အရေးများကို ကာကွယ်ရန်။

## အရပ်ဖက်အဖွဲ့အစည်းများသို့ အကြံပြုချက်များ

၁။ သတ္တုတွင်းလုပ်ငန်းများကြောင့် ဆိုးကျိုးသက်ရောက်မှုများခံကြရသော ဒေသခံများအတွက် ကြိုတင် ကာကွယ်ပေးခြင်း၊လျော့ချခြင်းနှင့်ကုစားခြင်းများ ရရှိစေရေး အထောက်အပံ့ပေးရန်။

၂။ ဆက်စပ်သော ဥပဒေရေးရာနှင့်မူဝါဒများအား ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ရန် အတွက် တိုက်တွန်းအားပေးရန်။

၃။ ပါတ်သက်ဆက်နွယ်သူအားလုံး ပါဝင်သော ကနဦးဆောင်ရွက်လုပ်ရှားမှုများတွင် ပါဝင်ခြင်း နှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုရန်နှင့် တွေ့ဆုံဆွေးနွေးမှုများအတွက် ကမ်းလှမ်းသည့် အခွင့်အရေးများတွင် ပါဝင်ရန်။

## အခြားသော အစိုးရများသို့ အကြံပြုချက်များ

၁။ သတ္တုတွင်းလုပ်ငန်းရှိ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်မှုများ အားကောင်း လာစေရေး နည်းပညာအကူအညီများ ထောက်ပံ့ပေးရန်။

၂။ လက်လုပ်လက်စား သတ္တုလုပ်ငန်းများ တရားဝင်ဖြစ်လာစေရေး နည်းပညာ အကူအညီများ ပံ့ပိုးပေးရန်။

၃။ ပဋိပက္ခဖြစ်ပွားရာနေရာများရှိ ရေရှည်တည်တံ့မှုမရှိသော သတ္တုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများအား ဖြေရှင်းရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ထောက်ပံ့ပေးရန်။

၄။ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိစွာဖြင့် ရင်းနှီးမြှုပ်နှံနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား တိုက်တွန်း အားပေးရန်။